INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

# ဥပဒေပြုလွှတ်တော်နှစ်ရပ် ထားရှိခြင်း

International IDEA မှထုတ်ဝေသော ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း စာတမ်းအမှတ် (၂)



INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

# ဥပဒေပြုလွှတ်တော်နှစ်ရပ် ထားရှိခြင်း (Bicameralism)

## International IDEA မှထုတ်ဝေသော ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း စာတမ်းအမှတ် (၂)

စာတမ်းပြုစုသူ

Elliot Bulmer

@ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာ အဖွဲ့ (International IDEA) ၂၀၁၉ ခုနှစ် မူပိုင်ဖြစ်သည်။

International IDEA အဖွဲ့မှ ထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံများ၏ အကျိုးစီးပွား သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားတို့မှ သီးခြားလွတ်လပ်မှု ရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများမှာ International IDEA အဖွဲ့၊ ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီဝင်များ၏ ရှုမြင်ပုံများကို ကိုယ်စားပြုသည်ဟု ယတိပြတ်မဆိုနိုင်ပါ။

ဤစာအုပ်ကို Creative Commons Attribute-NonCommercialShareAlike ၃.၀ (CC BY-NC-SA 3.0) လိုင်စင် ခွင့်ပြုချက်အရ အီလက်ထရောနစ်ဖိုင်အနေဖြင့် ရယူနိုင်ပါသည်။ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ပါက လွတ်လပ်စွာ ကူးယူခြင်း၊ ဖြန့်ဝေခြင်း၊ ပို့လွှတ်ခြင်း၊ ရောနှောသုံးစွဲခြင်း သို့မဟုတ် လိုက်လျောညီထွေဖြစ်စေရန် ပြန်လည်စီစဉ်ပြုစုခြင်းများ လုပ်ဆောင်နိုင်ပါသည်။ မူရင်းရေးသားပြုစုသူအား လျော်ကန်စွာ အသိအမှတ်ပြုရည်ညွှန်းချက်ဖော်ပြပေးပြီး အလားတူတရားဝင်လိုင်စင် ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည် ဖြစ်သည်။

ဤလိုင်စင်နှင့် စပ်လျဉ်း၍ ဆက်လက်သိရှိလိုပါက Creative Commons ဝဘ်ဆိုဒ်တွင် အင်တာနက်လိပ်စာ http://creativecommons.org/licenses/by-nc-sa/3.0/ တွင် သွားရောက်ကြည့်ရှုနိုင်သည်။

**အင်တာနေရှင်နယ် အိုင်ဒီယာ**
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်  - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ်  - info@idea.int
ဝဘ်ဆိုဒ်   - www.idea.int

Cover design: International IDEA
မြန်မာဒီဇိုင်း - မြင့်စိုးဦး

ISBN : 978-91-7671-288-7 (print)
ISBN : 978-91-7671-289-4 (pdf)

# မာတိကာ


**၁။ နိဒါန်း** ........ ၅
ဥပဒေပြုလွှတ်တော်နှစ်ရပ်ထားရှိခြင်း၏ အားသာချက်များ ........ ၅
ဖြစ်လာနိုင်ချေရှိသော ဆိုးကျိုးများ ........ ၅

**၂။ မည်သည်က စဉ်းစားရမည့် ကိစ္စရပ်ဖြစ်သနည်း** ........ ၆

**၃။ အထက်လွှတ်တော်တစ်ရပ် ထားရှိသင့်ပါသလား** ........ ၇
အထက်လွှတ်တော်တစ်ရပ် ထားရှိရခြင်း၏ ရည်ရွယ်ချက်များ ........ ၇
အထက်လွှတ်တော်တစ်ရပ် မထားရှိရခြင်း၏ ရည်ရွယ်ချက်များ ........ ၉
အထက်လွှတ်တော်ထားရှိမည့်အစား အခြားရွေးချယ်စရာများ ........ ၁၀
အထက်လွှတ်တော်တစ်ရပ် ထားရှိသင့်/မသင့် ဆုံးဖြတ်ခြင်း ........ ၁၂

**၄။ အထက်လွှတ်တော် အမျိုးအစားများ** ........ ၁၄
ရည်ရွယ်ချက်များ၊ ပေါင်းစပ်ဖွဲ့စည်းပုံနှင့် အာဏာများအကြား သဟဇာတဖြစ်မှု ........ ၁၄
နိုင်ငံရေးစနစ်တစ်ခုလုံးနှင့် ဟန်ချက်ညီဖြစ်စေခြင်း ........ ၁၅
ဥပဒေပြုလွှတ်တော် နှစ်ရပ်စလုံး ခိုင်မာအားကောင်းသည့်ပုံစံနှင့် အားပျော့သည့်ပုံစံ ...... ၁၈

**၅။ ရွေးချယ်နိုင်သည့် ပုံစံများ - ပေါင်းစပ်ဖွဲ့စည်းပုံနှင့် တည်ဆောက်ပုံ** ........ ၂၁
ပေါင်းစပ်ဖွဲ့စည်းပုံနည်းလမ်း ........ ၂၁
ရာထူးသက်တမ်းကာလ ........ ၂၅
လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ........ ၂၆
နောက်ဆက်တွဲ ထည့်သွင်းစဉ်းစားရမည့်အချက်များ (အထူးသဖြင့် ပြည်နယ်/ ........ ၂၆
တိုင်းဒေသကြီးလွှတ်တော်များအတွက်)
လွှတ်တော်တွင်း ပါဝင်ဖွဲ့စည်းထားသည့် ပါတီများ၏အချိုး ........ ၂၈

**၆။ ရွေးချယ်နိုင်သည့် ပုံစံများ - အခွင့်အာဏာများ** ........ ၂၉
လွှတ်တော်တို့အကြားရှိ ပဋိပက္ခများကို ဖြေရှင်းခြင်းနှင့် ပဋိပက္ခများမဖြစ်စေရန် ........ ၂၉
တားဆီးခြင်း

အစိုးရအား အယုံအကြည်မရှိကြောင်း အဆိုတင်သွင်းခြင်းနှင့် စွပ်စွဲပြစ်တင်ဖြုတ်ချခြင်း .. ၃၃
အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ.............................................................. ၃၄
ဥပဒေပြုရေးမဟုတ်သော အခြားအာဏာများ....................................................... ၃၄

၇။ သာဓကများ ............................................................................................ ၃၅

၈။ ဆုံးဖြတ်ချက်ချမှတ်ရေးနှင့် ပက်သက်သည့် မေးခွန်းများ........................................ ၄၁

ကိုးကားချက်များ .......................................................................................... ၄၃

နောက်ဆက်တွဲ............................................................................................ ၄၅
စာရေးသူအကြောင်း................................................................................. ၄၅
International IDEA အကြောင်း..................................................................... ၄၅
MyConstitution အကြောင်း ........................................................................ ၄၅
ဤစာစဉ်နှင့် စပ်လျဉ်း၍............................................................................... ၄၆

# ၁။ နိဒါန်း

လွှတ်တော်နှစ်ရပ်ဖြင့် ဥပဒေပြုခြင်းဟူသည် ဥပဒေပြုရေးအာဏာကို လွှတ်တော်နှစ်ရပ်ကြား ခွဲဝေအသုံးပြုသည့် စနစ်ဖြစ်သည်။ ကမ္ဘာ့တစ်ဝှမ်းရှိ နိုင်ငံပေါင်း ၈၀ ခန့်မှာ လွှတ်တော်နှစ်ရပ်ဖြင့် ဥပဒေပြုရေးအာဏာကို ကျင့်သုံးကြသည်။ ဥပဒေပြုလွှတ်တော်နှစ်ရပ် ထားရှိခြင်းကို ယေဘူယျအားဖြင့် ဖက်ဒရယ်စနစ်ကျင့်သုံးသည့် သမ္မတနိုင်ငံကြီးများတွင် ပိုမိုကျင့်သုံးလေ့ရှိပြီး ပါလီမန်လွှတ်တော်စနစ်ကျင့်သုံးသည့် တစ်ပြည်ထောင်နိုင်ငံငယ်များတွင် ဥပဒေပြုလွှတ်တော်တစ်ရပ်တည်းဖြင့် ဥပဒေပြုခြင်းကို ပိုမိုတွေ့ရသည်။

## ဥပဒေပြုလွှတ်တော်နှစ်ရပ် ထားရှိခြင်း၏အားသာချက်များ

ဥပဒေပြုလွှတ်တော်နှစ်ရပ်ထားရှိခြင်းဖြင့် (က) ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အစိုးရများကို ကိုယ်စားပြုနိုင်သည်၊ (ခ) စိစစ်ရေးနှင့် ပြန်လည်သုံးသပ်ရေး ကျွမ်းကျင်ပညာရှင်အစုအဖွဲ့အဖြစ်လည်း တာဝန်ယူဆောင်ရွက်နိုင်သည်၊ (ဂ) အောက်လွှတ်တော်၏အာဏာကို ဒီမိုကရေစီနည်းဖြင့် ထပ်ဆောင်းထိန်းကျောင်း နိုင်သည်၊ (ဃ) လူမှုစီးပွားရေးဆိုင်ရာ အကျိုးစီးပွားအထွေထွေ သို့မဟုတ် လူမျိုးနှင့် ယဉ်ကျေးမှုဓလေ့ ထုံးတမ်းကွဲပြားသော လူနည်းစုများအတွက် ကိုယ်စားပြုမှုကိုလည်း ဆောင်ကျဉ်းပေးနိုင်သည်။

## ဖြစ်လာနိုင်ချေရှိသော ဆိုးကျိုးများ

ဥပဒေပြုလွှတ်တော်တစ်ရပ်တည်းရှိပါက စရိတ်စက ပိုမိုသက်သာခြင်း၊ ပိုမိုရိုးရှင်းခြင်းနှင့် ပိုမိုထိရောက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရှိသည်။ အလုပ်တစ်ခုတည်းကို အဖွဲ့နှစ်ဖွဲ့မှ စင်ပြိုင်ဆောင်ရွက်သည့် အခြေအနေများ၊ လိပ်ခဲတည်းလည်း အခြေအနေများ အစရှိသည်တို့ကိုလည်း ရှောင်လွှဲနိုင်သည်။ ဒီမိုကရေစီတာဝန်ကိုလည်း ရွေးကောက်ခံကိုယ်စားလှယ် အစုအဖွဲ့တစ်ရပ်တည်းဖြင့်သာ စုးစိုက်လုပ်ဆောင်နိုင်သည်။ အာဏာအပြန်အလှန် ထိန်းကျောင်းခြင်းကို ဥပဒေပြုအထက်လွှတ်တော်တစ်ရပ်ဖွဲ့စည်းရန်မလိုဘဲ အခြားအင်စတီကျူးရှင်းတစ်ခုမှလည်း ဆောင်ရွက်နိုင်သည်။

# ၂။ မည်သည်ကစဉ်းစားရမည့်ကိစ္စရပ်ဖြစ်သနည်း။

မျက်မှောက်ခေတ် ဒီမိုကရေစီစနစ်အားလုံးသည် ဥပဒေပြုရေးနှင့် ညှိနှိုင်းဆွေးနွေးရေးအတွက် လွှတ်တော်တစ်ရပ်ကို အဓိကနေရာတွင် ထားရှိသည်။ ထိုလွှတ်တော်ကိုယ်စားလှယ်များမှာ ကျား/မ လူသူမရွေး မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်သည့် လွတ်လပ်မျှတ၍ ပုံမှန်ကျင်းပသော ရွေးကောက်ပွဲများမှတဆင့် ရွေးချယ်ခံရသည့်ပုဂ္ဂိုလ်များဖြစ်သည်။ သို့သော်ငြားလည်း ရွေးကောက်ခံလွှတ်တော်တစ်ရပ်တည်းဖြင့် လူ့အဖွဲ့အစည်းရှိ မတူကွဲပြားသော အုပ်စုအသီးသီးတို့ကို သာတူညီမျှကိုယ်စားပြုနိုင်ပါမည်လောဆိုသည့် မေးခွန်းများလည်းရှိသည်။ အထက်လွှတ်တော်သည် ဒေသ၊ လူထုနှင့် အခြားလူနည်းစုများ၏ အသံကို ပိုမိုထင်ဟပ်စေသည့်အတွက် ပိုမိုပြည့်စုံပြီး ကိုယ်စားပြုမှုပိုရှိသည့် လွှတ်တော်တစ်ရပ်ကို ပေါ်ပေါက်စေနိုင်သည်။

ရွေးကောက်ခံလွှတ်တော် တစ်ရပ်တည်းရှိခြင်းကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများအပေါ်တွင်လည်း မေးခွန်းများရှိသည်။ တစ်ရပ်တည်းသောလွှတ်တော်တွင် အပြန်အလှန် ထိန်းကျောင်းမှုမရှိသည့်အတွက် ဆုံးဖြတ်ချက်များကို ကောင်းစွာဆွေးနွေးချိန်ဆမထားဘဲ အလျင်စလိုပြုလုပ်သည့် အနေအထားသို့ ရောက်ရှိနိုင်ပြီး ပြဋ္ဌာန်းမည့်ဥပဒေသည်လည်း အရည်အသွေးပြည့်ဝလိမ့်မည်မဟုတ်ပေ။ လူနည်းစုအုပ်စုများ ခိုင်မာစွာလက်ကိုင်ထားသည့် ရှုထောင့်များအပေါ် စဉ်းစားလိုက်လျောလိမ့်မည်မဟုတ်သော တစ်ဖက်စောင်းနင်းသည့် ဥပဒေပြဋ္ဌာန်းမှုများ ပြုလုပ်သည့် အနေအထားသို့ ရောက်ရှိနိုင်သည်။ ထိုအချက်များကြောင့် အောက်လွှတ်တော်ကို ထိန်းကျောင်းရန်နှင့် ပြည့်စုံမှုရှိစေရန် ရည်ရွယ်၍ နိုင်ငံအများအပြားတွင် မတူညီသည့် ဖွဲ့စည်းပုံ၊ တာဝန်နှင့် အခွင့်အာဏာများ ပေးအပ်ထားသည့် ဥပဒေပြုရေး အထက်လွှတ်တော်တစ်ရပ်ကို ထားရှိကြသည်။

သို့သော် ဖြစ်ရပ်တော်တော်များများတွင် ရရှိမည့်အကျိုးကျေးဇူးနှင့် မကာမိအောင်ပင် ထပ်လောင်းအရှုပ်အထွေးများ၊ နှောင့်နှေးမှုများနှင့် ကုန်ကျစရိတ်များမှာ ပိုမိုများပြားနေလေ့ရှိကြသည်။ ယင်းအတွက်ကြောင့် လွှတ်တော်ဘောင်ပြင်ပမှ အပြန်အလှန်ထပ်စောင်းထိန်းကျောင်းမှုရှိ၍ ကောင်းစွာဖွဲ့စည်းထားသော တစ်ရပ်တည်းသော လွှတ်တော်ထားရှိခြင်းက ပိုမိုသင့်လျော်နိုင်သည်။

# ၃။ အထက်လွှတ်တော်တစ်ရပ် ထားရှိသင့်ပါသလား။

**ပညာရပ်ဆိုင်ရာ ဝေါဟာရနှင့်စပ်လျဉ်းသော မှတ်ချက်**

အထက်လွှတ်တော်ဆိုသည့် စကားရပ်ကို "upper house"၊ "upper chamber"၊ "second house"၊ "second chamber" ဟူ၍ ကမ္ဘာတစ်ဝှမ်းတွင် အကျယ်တဝင့်အသုံးပြုကြသည်။ မိမိတို့၏ ရည်ရွယ်ချက်အလိုက် ထိုဝေါဟာရများကို အနက်တူဖလှယ်အသုံးပြုကြသည်။ မှတ်သားရမည့်ချွင်းချက်မှာ နယ်သာလန်နိုင်ငံ၌ သမိုင်းကြောင်းအရ လွှတ်တော်များ၏ အခေါ်အဝေါ်ကို ထက်အောက်ပြောင်းပြန် သုံးစွဲကြသည်။

## အထက်လွှတ်တော်တစ်ရပ် ထားရှိရခြင်း၏ ရည်ရွယ်ချက်များ

နိုင်ငံအတော်များများတွင် အထက်လွှတ်တော်ထားရှိရခြင်း ရည်ရွယ်ချက်မြောက်များစွာရှိသည်။

### ကိုယ်စားပြုမှုဆိုင်ရာ မတူညီသောအခြေခံမှုများကို အသုံးပြုခွင့်ပေးခြင်း

ဥပဒေပြုလွှတ်တော်အများစုကို မိမိကြိုက်နှစ်သက်ရာ နိုင်ငံရေးပါတီနှင့် (တစ်ခါတစ်ရံတွင်) မဲဆန္ဒနယ်အလိုက် လူထုကိုယ်စားပြုသည့် စနစ်မှတဆင့် ရွေးကောက်တင်မြှောက်ကြသည်။ ထိုသို့ ရွေးကောက်ရာတွင် လူတစ်ဦးလျှင် မဲတစ်မဲဖြင့် ရွေးကောက်တင်မြှောက်ကြသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် နိုင်ငံတော်အတွင်းရှိ နိုင်ငံသားအားလုံး၏ တန်းတူညီမျှမှုကို ထင်ဟပ်စေသည်။ အထက်လွှတ်တော်ထားရှိခြင်းသည် နိုင်ငံတော်၏ မတူကွဲပြားမှုများအား ကိုယ်စားပြုရာတွင် အခြားသော ကိုယ်စားပြုမှုဆိုင်ရာ အခြေခံမှုများကို ကျင့်သုံးနိုင်ဖွယ်ရှိသည်။ ဥပမာ အထက်လွှတ်တော်သည် ကိုယ်စားပြုမှုတစ်ရပ်ကို နယ်မြေဒေသကို အခြေခံပြီး ဖွဲ့စည်းနိုင်သည် (ဥပမာ ပြည်နယ်များ၊ ဒေသများ၊ တိုင်းဒေသကြီးများ)။ အထက်လွှတ်တော်သည် ကိုးကွယ်ရာဘာသာ၊ တိုင်းရင်းသားလူမျိုး၊ ဘာသာစကား သို့မဟုတ် ယဉ်ကျေးမှုစရိုက်လက္ခဏာများ ကွဲပြားသော သီးခြားလူမှုအသိုင်းအဝိုင်းများကို ကိုယ်စားပြုနိုင်သလို အမျိုးသမီးများ၊ လူမှုစီးပွားနိမ့်ကျသောအုပ်စုများနှင့် အခြားအကျိုးသက်ဆိုင်သူများ၊ လူငယ်များ သို့မဟုတ် မသန်စွမ်းသူများအတွက် ကိုယ်စားပြုမှုမြှင့်တင်ရန်အတွက် ဖွဲ့စည်းတည်ထောင်နိုင်သည်။ အကယ်၍ တိုက်ရိုက် ရွေးကောက်တင်မြှောက်ခြင်းနည်းကို ကျင့်သုံး

ပါက မတူညီသော ရွေးကောက်ပုံစနစ်ကို အသုံးပြုနိုင်သည်။ သို့မဟုတ် မတူညီသော ရာထူးသက်တမ်းကို ရွေးချယ်နိုင်သည်။

## ဥပဒေပြုရေးတွင် စိစစ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းကို မြှင့်တင်ခြင်း

အထက်လွှတ်တော်ထားရှိခြင်းသည် အဆိုတင်သွင်းထားသော ဥပဒေပြုရမည့် အကြောင်းအရာကို ဓမ္မဓိဋ္ဌာန်ကျကျ စိစစ်မည့် နောက်ဆက်တွဲဆွေးနွေးပွဲများ ပေါ်ပေါက်စေရန် အကြောင်းဖန်ပေးသည်။ သင့်တော်သည့် အရည်အချင်း၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသူများအား ခန့်အပ်တာဝန်ပေးခြင်းဖြင့် ဒီမိုကရေစီရွေးကောက်ပွဲများအား ဟန်ချက်ညီစေသည့် ရောစပ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တစ်စိတ်တစ်ဒေသအဖြစ် အခြေအနေအရပ်ရပ်၌ ရှုမြင်ကြသည်။ မူဝါဒဆုံးဖြတ်ချက်များနှင့်သက်ဆိုင်သည့် အခြေခံမှုများအပေါ် စောဒကတက်ခြင်းမျိုးမဟုတ်ဘဲ ဥပဒေများ၏ ပညာရပ်ဆိုင်ရာ အရည်အသွေးနှင့် နိုင်းယှဉ်ချိန်ဆမှုအားနည်းသော သို့မဟုတ် အလျင်စလို ချမှတ်ထားသော ဆုံးဖြတ်ချက်များကို ပြုပြင်နိုင်ရန်အတွက် သင့်တင့်မျှတစွာ တစ်ကျော့ပြန်ဝေဖန်ဆန်းစစ်မှု ပြုလုပ်နိုင်စေရန်ရည်ရွယ်ခြင်း ဖြစ်သည်။

## ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် ဒီမိုကရေစီအရ အပြန်အလှန်ထပ်ဆောင်းထိန်းကျောင်းခြင်း

အကယ်၍ ဥပဒေပြုရေးလွှတ်တော် တစ်ခုတည်းသာရှိပါက ထိုလွှတ်တော်တွင် နေရာအများဆုံးအနိုင်ရသည့် နိုင်ငံရေးပါတီမှ ဥပဒေပြုရေးအာဏာကို အထိန်းအကွပ်မဲ့ ရရှိလိမ့်မည်ဖြစ်သည်။ အထက်လွှတ်တော် တစ်ခုသည် ဥပဒေပြုရေးလွှတ်တော် ပထမတစ်ခု (အောက်လွှတ်တော်) ၏ ပေါင်းစပ်ပါဝင်ပုံကဲ့သို့ မဟုတ်ဘဲ ကွဲပြားခြားနားသော ရွေးကောက်ပွဲဖြစ်စဉ် စက်ဝန်းဖြင့် ရွေးချယ်ထားပါက အောက်လွှတ်တော်ကဲ့သို့ပင် ဒီမိုကရေစီနည်းအရ တရားဝင်ဖြစ်သည်ဟု ဆိုနိုင်သည်။ အထက်လွှတ်တော်ထားရှိခြင်းကြောင့် ဥပဒေပြုရေးဆိုင်ရာ ပြောင်းလဲမှုများ ပြုလုပ်ရာတွင် အများစုမှ ဗိုလ်ကျအနိုင်ကျင့်ခြင်းကို ဟန့်တားနိုင်သည့် အာဏာရှိသော ပုဂ္ဂိုလ်အရေအတွက် (ဗီတိုအရေအတွက်) တိုးမြင့်လာမည် ဖြစ်သည်။ အများစု၏ ဗိုလ်ကျမှုနှင့် သွေးကွဲစေ၍ တစ်ဖက်စောင်းနင်းကျသောပြောင်းလဲမှုများ မဖြစ်ပေါ်စေရန်အထောက်အကူပြုမည့် နောက်ဆက်တွဲ ထိန်းကျောင်းမှုကို ပံ့ပိုးပေးမည်ဖြစ်သည်။

## သမိုင်းအမွေ

အချို့သော နိုင်ငံများမှာ သမိုင်းကြောင်းအရ အထက်လွှတ်တော်ကို ထားရှိကြသည်။ နိုင်ငံ၏ သမိုင်းကြောင်း တစ်နေရာတွင် စတင်ကျင့်သုံးခဲ့ပြီး အစဉ်အလာ၏ ဖိအားကြောင့်ဖြစ်စေ သို့မဟုတ် လက်ရှိ အင်စတီကျူးရှင်းများတွင် အစဉ်အလာကို ထိန်းသိမ်းသည့် အာဏာရှိသောကြောင့်ဖြစ်စေ ဆက်လက်တည်မြဲနေသော စနစ်ဖြစ်သည်။ အထက်လွှတ်တော်ကို အမှန်တကယ် လိုအပ်ခြင်းရှိ/ မရှိ အကျိုးရှိ/ မရှိ သေချာမစဉ်းစားဘဲ အိမ်နီးချင်းနိုင်ငံတစ်ခုမှ ပုံတူယူ၍သော်လည်းကောင်း ကိုလိုနီ

အမှတ်လက္ခဏာ လွှမ်းမိုးမှုများကြောင့် လည်းကောင်း ဖွဲ့စည်းထားရှိနိုင်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်သည့် အခါသမယတွင် ခိုင်မာသည့်အကြောင်းအချက် တစ်စုံတစ်ရာမရှိဘဲ ဥပဒေပြု အထက်လွှတ်တော်တစ်ရပ်ကို ဆက်လက်ထားရှိခြင်း သို့မဟုတ် ပြန်လည်အထမြောက်စေခြင်း တို့ကို ပြုလုပ်ရန်မလိုပေ။ ဥပမာ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံကဲ့သို့သော နိုင်ငံများသည် မိမိတို့၏ အထက်လွှတ်တော်ကို ဖျက်သိမ်းခဲ့ကြပြီး ပိုမိုညီမျှသည့် ကိုယ်စားပြုမှုနှင့် အာဏာမျှဝေမှုကို အခြားနည်းလမ်းဖြင့်ရရှိနိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

## အထက်လွှတ်တော်တစ်ရပ်ကို မထားရှိရခြင်း၏ ရည်ရွယ်ချက်များ

### ပဋိပက္ခ၊ နှောင့်နှေးကြန့်ကြာခြင်းနှင့် တာဝန်ယူမှုကင်းမဲ့ခြင်း

အကယ်၍ လွှတ်တော်နှစ်ရပ်တွင် အတိုက်အခံပြုသည့် လူအများစုပါဝင်ပြီး ပါဝင်သော နိုင်ငံရေးပါတီများ၏ အာဏာများမှာ သိသိသာသာကွဲပြားခြင်းမရှိပါက ၎င်းတို့အကြားရှိ နိုင်ငံရေးပဋိပက္ခမှာ ဥပဒေပြုရေးလုပ်ငန်းစဉ်ကို အဟန့်အတားဖြစ်စေခြင်း သို့မဟုတ် မတိုးသာမဆုတ်သာ ဖြစ်စေခြင်းသို့ ဦးတည်နိုင်သည်။ သဘောထားပြင်းထန် တင်းမာသည့် အထက်လွှတ်တော်တစ်ရပ်သည် လူအများလိုလားသည့် အဆိုပြုချက်များကို အထမြောက်စေမည် မဟုတ်ပေ။ လိုအပ်သောပြုပြင် ပြောင်းလဲမှုများကို အဟန့်အတားဖြစ်စေမည်ဖြစ်သည်။ လူထုအတွက် မူဝါဒများတွင် ကမောက်ကမဖြစ်မှုများကို တာဝန်ယူဖြေရှင်းပေးရာ၌ အခက်အခဲဖြစ်စေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ဘောင်ပြင်ပမှ ဖြတ်လမ်းများကို အသုံးပြုရန်ကြိုးစားကြသဖြင့် စနစ်တစ်ခုလုံးအား ထိခိုက်ပျက်စီးစေမည့် ဆိုးကျိုးလည်း ရှိနိုင်သည်။

### မလိုအပ်သော ရလဒ်များ ထပ်တူနေခြင်း

အကယ်၍ လွှတ်တော်နှစ်ရပ်ရှိ လူအများစုမှာ တူညီသောအုပ်စု တစ်စုထဲမှဖြစ်နေလျှင် လွှတ်တော်တစ်ရပ်မှ (ကွဲပြားရမည့်အစား) အခြားလွှတ်တော်တစ်ရပ်၏ ပုံစံအတိုင်း လိုက်လံဆောင်ရွက်နိုင်ပြီး အကျိုးထူးသော မူဝါဒရလဒ်အနည်းငယ်သာမျှအတွက် အဖွဲ့အစည်းဆိုင်ရာ ရှုပ်ထွေးသိမ်မွေ့မှုများထပ်ဆောင်းဖြစ်ပေါ်လာမည်။

### ကုန်ကျစရိတ်

ဥပဒေပြုလွှတ်တော် နောက်ထပ်တစ်ခု ထပ်မံထားရှိခြင်း၏ အကျိုးဆက်များအနေနှင့် လွှတ်တော်အမတ်များ ပိုမိုများပြားလာခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ ဝန်ထမ်းများ၊ အဘက်ဘက်မှပံ့ပိုးပေးရန် အကူဝန်ထမ်းများ ပိုမိုလိုအပ်လာခြင်း၊ ခရီးစရိတ်များ၊ တည်းခိုရေး စရိတ်များ ပိုမိုများပြားလာခြင်းနှင့် လွှတ်တော် အစည်းအဝေး အခမ်းအနားများကျင်းပရာ နေရာထိုင်ခင်းအား ထိန်းသိမ်းရေးဆိုင်ရာ ကုန်ကျစရိတ်များ ပိုမိုများပြားလာခြင်းတို့ရှိသည်။ ထို့ကြောင့်ပင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုတွင် လွှတ်တော်

နှစ်ရပ်ထားရှိခြင်း ကုန်ကျစရိတ်များအစား အခြားနေရာများ၊ အခြားအခန်းကဏ္ဍများ၌ ပိုမိုအသုံးတည့်မည့် ပြည်သူ့ဘဏ္ဍာများအား သုံးစွဲသင့်သောလိုအပ်ချက် ရှိနိုင်ပေသည်။

## အထက်လွှတ်တော်ထားရှိမည့်အစား အခြားရွေးချယ်စရာများ

အထက်လွှတ်တော်မှ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အခြားသောအဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်သည်မှာလည်း ဖြစ်နိုင်ပေသည်။ ထို့ကြောင့်ပင် ဤတာဝန် ဝတ္တရားများအား ဆောင်ရွက်ရန်လိုအပ်သည်နှင့်ပင် အထက်လွှတ်တော်တစ်ရပ်အား ထားရှိရမည်ဟု မဆိုလိုနိုင်ပေ။

## လူနည်းစုဗီတိုအာဏာ လူထုဆန္ဒခံယူပွဲနှင့် ပြဋ္ဌာန်းဥပဒေများအပေါ် လူထုဆန္ဒခံယူပွဲ

ဒီမိုကရေစီစနစ်ရှိ ထိန်းကျောင်းမှုတစ်ရပ်ဖြစ်သော အထက်လွှတ်တော်၏ အခန်းကဏ္ဍအား (ဒိန်းမတ်နိုင်ငံကဲ့သို့) ပါလီမန်၏ လူနည်းစုမှ တောင်းဆိုကျင်းပခြင်းဖြင့်လည်းကောင်း၊ (လက်ဒ်ဗီးယား နိုင်ငံကဲ့သို့) သတ်မှတ်ထားသော မဲပေးပိုင်ခွင့်ရှိသူ အရေအတွက်စုစုပေါင်းမှ တောင်းဆိုကျင်းပခြင်း ဖြင့်လည်းကောင်း၊ (အိုက်စ်လန်နိုင်ငံကဲ့သို့) ရွေးကောက်တင်မြှောက်ထားသော နိုင်ငံခေါင်းဆောင်မှ တောင်းဆိုကျင်းပနိုင်သော လူထုဆန္ဒခံယူပွဲများမှလည်း တာဝန်လွှဲပြောင်း ဆောင်ရွက်ပေးနိုင်ပေသည်။ ဤကဲ့သို့သော ဆန္ဒခံယူပွဲများ ကျင်းပခြင်း၏ အနှစ်သာရမှာကား ပြည်သူလူထုအား အထက်လွှတ်တော်တစ်ရပ်အနေဖြင့် သတ်မှတ်ထားခြင်းဖြစ်သည်။ ဤသည်မှာ လက်ရှိအာဏာရ ဥပဒေပြုလွှတ်တော်တွင် ဆန္ဒမဲအများစု လက်ဝယ်ရှိ အဖွဲ့များ၊ အာဏာရှိ အီလစ်များ၏ အရေးကြီးသော ကိစ္စများအပေါ် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပြည်သူလူထု၏ ဆန္ဒနှင့် ဖီလာခြင်းမရှိစေရန်အတွက် စောင့်ကြည့်ထိန်းချုပ်နိုင်သည့် အင်အားကြီး အဟန့်အတားတစ်ခုအဖြစ် ပြည်သူလူထုအား တာဝန်ပေးအပ်ထားခြင်း ဖြစ်သည်။ ဥပမာအားဖြင့် အိုက်စ်လန်နိုင်ငံတွင် ပြည်သူလူထုက စိုးစဉ်းမျှလက်မခံသည့် လွှတ်တော်မှ သဘောတူ ချမှတ်လိုက်သော ချေးငွေပေးဆပ်ရေးဆိုင်ရာ ဥပဒေမူကြမ်း (၂) ခု အပေါ် ပြည်သူများမှ ဆုံးဖြတ်နိုင်စေရန်အတွက် သမ္မတမှနေ၍ ၎င်း၏ အာဏာအားအသုံးချပြီး ပြည်သူ့ဆန္ဒခံယူပွဲများအား ခေါ်ယူကျင်းပပေးခဲ့သည်။ ဤသို့ လူထုဆန္ဒခံယူပွဲများ၏ ဆိုးကျိုးမှာကား ထိုပွဲများအား ကျင်းပခြင်းကြောင့် ဆန္ဒခံယူပွဲလုပ်ငန်းစဉ်မှာ အလွန်တရာ လေးလန်နှေးကွေးခြင်း၊ ကုန်ကျစရိတ်များ အလွန်အမင်းကုန်ကျခြင်း၊ အရေးကြီးကိစ္စများမှလွဲ၍ အခြားသောကိစ္စများတွင် အလွန်တရာ သဘောထားကွဲပြားနေခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် ဤသို့သော နည်းလမ်းများမှာ ဥပဒေပြုရေးနည်းလမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ပြဿနာများအား ဖြေရှင်းရာတွင် အသုံးချရန် မသင့်လျော်ပေ။ ထပ်မံ၍ လူနည်းစုဗီတိုအာဏာ ဆန္ဒခံယူပွဲနှင့် ပြဋ္ဌာန်းဥပဒေများအပေါ် လူထုဆန္ဒခံယူပွဲနှင့် သက်ဆိုင်သော အချက်အလက်များအား သိရှိလိုပါက International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး စာတမ်း (၃) "တိုက်ရိုက် ဒီမိုကရေစီစနစ် (အင်္ဂလိပ် ဘာသာ)" တွင် ဆက်လက်ဖတ်ရှု လေ့လာနိုင်သည်။

## အထက်လွှတ်တော်သဘောဆောင်သည့် အင်စတီကျူးရှင်းများ

အထက်လွှတ်တော် မဟုတ်သော အခြားအင်စတီကျူးရှင်းများ (အထက်လွှတ်တော်သဘောဆောင်သည့် အင်စတီကျူးရှင်းများ) သည် အထက်လွှတ်တော်၏ အခန်းကဏ္ဍ တာဝန်များအား တာဝန်ယူ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်။ ၎င်းအဖွဲ့အစည်းများသည် တရားဝင်လွှတ်တော်တစ်ရပ်မဟုတ်သော်လည်း ဥပဒေပြုရေးနှင့် မူဝါဒချမှတ်ရေးကဲ့သို့သော လုပ်ငန်းစဉ်များတွင် အတိုင်ပင်ခံ (သို့) အကြံပေးအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားလေ့ရှိသည်။ ဥပမာအားဖြင့် "လုပ်ငန်းပိုင်ဆိုင်ရာကို ကိုယ်စားပြုသည့်" (သို့) "လူမှုအသိုင်းအဝိုင်းများကို ကိုယ်စားပြုသည့်" စနစ်များတွင် ကိုယ်စားလှယ်များအား လုပ်သားများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ပညာရှင်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် လူမှုစီးပွားကောင်စီများမှ ရွေးချယ် တင်မြှောက်ကြသည်။ အဆိုပါ ကောင်စီများအား ပြင်သစ်၊ အီတလီနှင့် လူဇင်ဘတ်နိုင်ငံများနှင့် အခြားနိုင်ငံများဖြစ်သည်။ အချို့နိုင်ငံများတွင် အစဉ်အလာအရထားရှိသည့် သို့မဟုတ် လူမျိုးစုခေါင်းဆောင်များကို အထူးအကြံပေး လွှတ်တော်တွင် ကိုယ်စားပြုစေသည်။ ဥပမာ ဘော့စ်ဝါနာတွင် လွှတ်တော်အကြံပေးအဖွဲ့ (House of Chiefs) သို့မဟုတ် ဗနာဝါတူးတွင် လူနည်းစုခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသော နိုင်ငံတော်ကောင်စီ (National Council of Chiefs) တို့ဖြစ်သည်။

ဒေသအလိုက် ကိုယ်စားပြုခြင်းကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရ ထိပ်သီးခေါင်းဆောင်များမှ (အနည်းနှင့်အများ) စည်းမျဉ်းတကျ ကျင်းပပြုလုပ်သည့် အစည်းအဝေးများဖြင့် ပြုလုပ်နိုင်သည်။ ဥပမာ ကနေဒါနိုင်ငံတွင် (ဥပဒေပြုလွှတ်တော်နှစ်ရပ်ဖြင့် ထားရှိသော်လည်း အင်မတန်မှ အားနည်းသည့် အထက်လွှတ်တော်ရှိသည်) ထိုသို့ ကိုယ်စားပြုမှုမျိုးကို ဖက်ဒရယ်နိုင်ငံ ကောင်စီ (ကနေဒါနိုင်ငံ၏ ပြည်နယ်များနှင့် တိုင်းဒေသကြီးဆိုင်ရာ ဝန်ကြီးချုပ်အဖွဲ့တစ်ခု) (Council of the Federation) နှင့် ဝန်ကြီးချုပ်များ၏ ညီလာခံ (ပြည်ထောင်စုအဆင့် ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များအကြားရှိ အစည်းအဝေး) တို့တွင် ကျင့်သုံးကြသည်။ ထို အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အသိအမှတ်ပြုသည့် တရားဝင်သည့်အဆင့်တွင် မရှိသော်ငြားလည်း ကနေဒါနိုင်ငံ၏ဆွေးနွေးညှိနှိုင်းထားသော ဖက်ဒရယ်စနစ်တွင် အရေးကြီးသော နိုင်ငံရေးအခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်သည်။

ပညာရပ်ဆိုင်ရာ ပြန်လည် စိစစ်သုံးသပ်ရေးလုပ်ငန်းများကို နယ်သာလန်နိုင်ငံရှိ နိုင်ငံတော်ကောင်စီ သို့မဟုတ် ဆွီဒင်နိုင်ငံရှိ ဥပဒေ ပညာရှင်များနှင့် အုပ်ချုပ်ရေးပညာရှင်များဖြင့် ဖွဲ့စည်းထားသော ဥပဒေကောင်စီ သို့မဟုတ် ပိုမိုတိကျနိုင်ခဲ့သော ကော်မတီများမှ လုပ်ဆောင်ကြပေသည်။

## လူအများစု၏ စင်ပြိုင်အုပ်ချုပ်မှုများ

တိုင်းရင်းသား၊ လူမှုအသိုင်းအဝိုင်း၊ အစဉ်အလာအရ အချန်လုပ်ခံရသည့် အခြားအုပ်စုများနှင့် မတူညီသော ဘာသာစကားကို အသုံးပြုသည့် လူနည်းစုကာကွယ်ပေးရေးကို သတ်မှတ်ထားသော

သာလွန် လူအများစု၏ အုပ်ချုပ်မှုများအရသော်လည်းကောင်း ထိုအုပ်စုများကို ဥပဒေပြုလွှတ်တော် တစ်ရပ်တည်းဖြင့် ဥပဒေပြုသည့် စနစ်တွင် ဗီတိုအာဏာပေး၍ သော်လည်းကောင်း ပံ့ပိုးပေးနိုင်သည်။ (ဥပမာ ကိုဆိုဗိုနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၈၁)

## ဥပဒေပြုလွှတ်တော်တစ်ရပ်ဖြင့် ဥပဒေပြုသည့်စနစ်၌ ရွေးကောက်ပွဲဆိုင်ရာ ခွဲဝေမှုများ

နိုင်ငံရေး ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အစဉ်အလာအားဖြင့် အချန်လှပ်ခံရသော အုပ်စုများ၏ ပါဝင်မှုကို ဥပဒေပြုလွှတ်တော်တစ်ရပ်ဖြင့် ဥပဒေပြုသည့် စနစ်၌ အထူးရွေးကောက်ပွဲ အစီအမံ များဖြင့် အားပေးပံ့ပိုးနိုင်သည်။ နယူးဇီလန်နိုင်ငံသည် Maroni (ဒေသခံလူမျိုး) များအတွက် သီး သန့်ရွေးကောက်ပွဲဆိုင်ကာကဏ္ဍဖြင့် မဲပေးခြင်းနှင့် ရွေးချယ်ပိုင်ခွင့်ပေးခြင်းနည်းကို သုံး၍ ၎င်း၏ ဥပဒေပြုလွှတ်တော်တစ်ရပ်ဖြင့် ဥပဒေပြုသည့် စနစ်တွင် ယင်းလူမျိုးစုအတွက် ကိုယ်စားလှယ်နေရာ အများအပြားကို သီးသန့်ထားရှိပေးသည်။ လက်ဘနွန်နိုင်ငံသည် လွှတ်တော်တစ်ရပ်ထဲတွင် ခရစ် ယာန်နှင့် မွတ်စလင်များကို တန်းတူအချိုးကျပါဝင်စေသည်။ လူနည်းစု၏ ထင်မြင်ချက်များကို ထင်ဟပ်စေရန် ဥပဒေပြုလွှတ်တော်နှစ်ရပ်ထားရှိမည့်အစား လွှတ်တော်တစ်ရပ်အတွင်းပင် ထိုကဲ့သို့ အချိုးကျပါဝင်စေခြင်းသည်လည်း ရွေးချယ်စရာတစ်ရပ်ဖြစ်သည်။

## အထက်လွှတ်တော်တစ်ရပ် ထားရှိ သင့်/မသင့် ဆုံးဖြတ်ခြင်း

ယေဘူယျအားဖြင့် အထက်လွှတ်တော်ထားရှိခြင်းသည် အကျိုးရှိမည်/မရှိမည်ကို ကံသေကံမ မပြောနိုင်ပေ။ နိုင်ငံတစ်နိုင်ငံချင်းစီ၏ ရေခံမြေခံမှာ ကွဲပြားခြားနားနိုင်ပြီး နိုင်ငံရေးအခြေအနေအပြင် အထက်လွှတ်တော်၏ ဖွဲ့စည်းပုံ၊ အခွင့်အာဏာများနှင့် လုပ်ငန်းဆောင်တာများအပေါ်တွင် အများ ကြီး မူတည်သည်။ အဆိုပါနိုင်ငံတစ်နိုင်ငံ၏အခြေအနေ၊ လိုအပ်ချက်များကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန် အရေးကြီးသည်။ ထည့်သွင်းစဉ်းစားရမည့် မေးခွန်းအချို့မှာ -

- နိုင်ငံသည် မတူကွဲပြားမှု မည်မျှ ကျယ်ပြောသနည်း။ လုံလောက်စွာ ကိုယ်စားပြုမထားသော တိုင်းရင်းသားလူနည်းစုများ ရှိသလော။
- ဒေသဆိုင်ရာ ဖွဲ့စည်းပုံမှာ အဘယ်နည်း။ ဗဟိုချုပ်ကိုင်မှုစနစ်လော သို့မဟုတ် လုပ်ပိုင်ခွင့် အာဏာတို့ကို လွှဲပြောင်းခွဲဝေကျင့်သုံးသည့် စနစ်လော။ ဖက်ဒရယ်စနစ်လော သို့မဟုတ် တစ်ပြည်ထောင်စနစ်လော။ နိုင်ငံဥပဒေရေးဆွဲ ချမှတ်ရေးလုပ်ငန်းစဉ်များတွင် တန်းတူညီမျှ ပါဝင်မှုကို ထင်ဟပ်ရန် လိုသလော။
- ယခင်လက်ကိုင်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များမှာ အဘယ်နည်း။ ဒီမိုကရေစီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်အား ပိုမိုခိုင်မာအားကောင်းစေရန် သို့မဟုတ် ပေါင်းစည်းစေရန် မည်သည့် ပြုပြင်ပြောင်းလဲမှုများ လိုအပ်သနည်း။
- လက်ရှိ အာဏာရအစိုးရကိုအတိုက်အခံပြုသည့်အနေဖြင့် နောက်တိုး အာဏာထိန်းကျောင်း မှုပြုလုပ်ရန် လိုအပ်သလော။

- ဥပဒေပြုရေးလုပ်ငန်းစဉ်၏ ပညာရပ်ဆိုင်ရာအရည်အသွေးကို မြှင့်တင်ရန် လိုအပ်ပါသလော။
- လူ့အဖွဲ့အစည်းအတွင်းရှိ အုပ်စုများ၏ နိုင်ငံရေးရာတွင် ပါဝင်မှုကို တိုးချဲ့ရန် လိုအပ်ပါသလော။ ထိုအုပ်စုများကို မည်သို့ဖော်ထုတ်သတ်မှတ်ပြီး ထည့်သွင်းနိုင်မည်နည်း။
- တည်ငြိမ်ထိရောက်၍ တာဝန်ခံမှုရှိသော အစိုးရတစ်ရပ်ဖြစ်ပေါ်စေရေးမှာ အကြီးမားဆုံး ဦးစားပေးမှု ဖြစ်ပါသလော။ ထိုသို့ဆိုလျှင် အခြားရည်ရွယ်ချက်များနှင့် ထိုဦးစားပေးအရာတို့ မည်ကဲ့သို့ ပဋိပက္ခဖြစ်နိုင် မည်နည်း။

## စဉ်းစားစရာ အချက် (၁)

အထက်လွှတ်တော်တစ်ရပ် (ထားရှိရေး၊ မထားရှိရေး) ကို မည်သည့်အတွက်ကြောင့် ဆွေးနွေးကြသနည်း။ မည်သည့်လိုအပ်ချက်များကို ဖြည့်ဆည်းရန် ရည်ရွယ်သနည်း။ အထက်လွှတ်တော်သည် ထိုလိုအပ်ချက်များကိုဖြည့်ဆည်းရန် သင့်လျော်သော (ဝါ) အကောင်းဆုံးနည်းလမ်း ဖြစ်ပါသလော။

# ၄။ အထက်လွှတ်တော်အမျိုးအစားများ

## ရည်ရွယ်ချက်များ၊ ပေါင်းစပ်ဖွဲ့စည်းပုံနှင့် အာဏာများအကြား သဟဇာတဖြစ်မှု

အကယ်၍ အထက်လွှတ်တော်တစ်ရပ် ထားရှိမည်ဆိုလျှင် ၎င်း၏ ပေါင်းစပ်ဖွဲ့စည်းပုံနှင့် အခွင့်အာဏာများမှာ ၎င်း၏ရည်ရွယ်ချက်များနှင့် ကိုက်ညီမှုရှိရမည်ဖြစ်သည်။ အထက်လွှတ်တော်မှတဆင့် ရှင်းလင်းဖြေကြားရန် ပြဿနာရပ်များကို ကောင်းစွာသဘောပေါက်နားလည်ခြင်းဖြင့် လွှတ်တော်ကို မည်သို့ရွေးချယ်မည်နည်း၊ မည်သည့်အာဏာများ ရှိသင့်သနည်း အစရှိသည့် မေးခွန်းများအတွက် အဖြေကို ကောက်ချက်ချနိုင်လိမ့်မည်ဖြစ်သည်။

အထက်လွှတ်တော်ကို အောက်ဖော်ပြပါ အုပ်စုလေးမျိုးခွဲကာ အကျယ်တဝင့် စဉ်းစားနိုင်သည်။

၁။ *ပြန်လည်သုံးသပ်ရေးနှင့် နှိုင်းဆဆင်ခြင်ရန် ရည်ရွယ်သည့်လွှတ်တော်* - ဥပဒေပြုလုပ်ငန်းစဉ်၏ အရည်အသွေးကို မြှင့်တင်ရန်နှင့် ခန့်အပ်ခံ ကျွမ်းကျင်ပညာရှင်များနှင့် ဝါရင့်နိုင်ငံရေးခေါင်းဆောင်များမှ ဥပဒေပြုလုပ်ငန်းစဉ်ရှိ ပညာရပ်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို မှုဝါဒချမှတ်ရေးနှင့် စပ်လျဉ်းပြီး အောက်လွှတ်တော်၏ အဓိကကျမှုကို မစိန်ခေါ်ဘဲ အသိပေး အကြောင်းကြားသည့်ပုံစံဖြင့် အကြေအလည် ဆွေးနွေးရန်အတွက် ဆွေးနွေးပွဲတစ်ခုပြုလုပ်ပေးရန် ထားရှိခြင်းဖြစ်သည်။ ထိုလွှတ်တော်ရှိ အဖွဲ့ဝင်များမှာ အဓိကအားဖြင့် နိုင်ငံရေး၊ ဥပဒေနှင့် အုပ်ချုပ်ရေး စသည့် ထိပ်သီးလူတန်းစားများမှ ရွေးချယ်ခန့်အပ်ထားခြင်းဖြစ်ပြီး ၎င်းတို့၏အာဏာကို ဥပဒေပြင်ဆင်မှု အဆိုပြုခြင်းနှင့် ဥပဒေပြုခြင်းလုပ်ငန်းစဉ်ကို ဆိုင်းငံ့ခြင်း ပြုလုပ်နိုင်သည့်အဆင့်တွင်သာ ပေးအပ်လေ့ရှိကြသည်။

၂။ *ဒေသဆိုင်ရာ ကိုယ်စားပြုမှုကိုပံ့ပိုးရန် ရည်ရွယ်သည့်လွှတ်တော်* - ဒေသဆိုင်ရာ အစုအဖွဲ့များ၏ အကျိုးစီးပွားနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဥပဒေပြုလုပ်ငန်းစဉ်တွင် ၎င်းတို့၏လိုလားချက်များကို ထုတ်ဖော်ဆွေးနွေးနိုင်ရန်အတွက် ဖက်ဒရယ်စနစ်များတွင် အထက်လွှတ်တော်တစ်ရပ်ကိုထားရှိသည်။ အချို့သော လွှတ်တော်များသည် နယ်မြေအလိုက် တိုက်ရိုက်ရွေးကောက်ခံနိုင်သည်။ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး ဥပဒေပြုလွှတ်တော်မှရွေးချယ်ပြီး ၎င်းတို့တွင် ကျယ်ပြောသော ဗီတိုအာဏာများ အတော်အသင့်ရှိကြသည်။

၃။ *ကိုယ်စားပြုမှု ကျယ်ပြန့်စေရေးကို ပံ့ပိုးကူညီရမည့် လွှတ်တော်* - အချို့သော လူနည်းစု အသိုင်းအဝိုင်းများကို ထည့်သွင်းခြင်း သို့မဟုတ် လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးစီးပွားများအတွက် အထက်လွှတ်တော်ကဲ့သို့သော အင်စတီကျူးရှင်းများအား ထုတ်ဖော်ဆွေးနွေးခွင့်ပေးခြင်းမှတဆင့် ကိုယ်စားပြုမှုကျယ်ပြန့်စေနိုင်သည်။

၄။ *ဒီမိုကရေစီနည်းအရ အားပြိုင်မှုအခြေခံမှုများပေါ်တွင် အခြေခံသည့် လွှတ်တော်* - ထိုကဲ့သို့သော လွှတ်တော်များမှာ လက်ရှိအာဏာရ အစိုးရအပေါ်တွင် အာဏာထိန်းကျောင်းမှုကို ပံ့ပိုးပေးသည်။ ဤကဲ့သို့သော အထက်လွှတ်တော်သည် ပုံမှန်အားဖြင့် (အောက်လွှတ်တော်ရှိ ရွေးကောက်ပွဲပုံစံနှင့် မတူညီသော ရွေးကောက်ပွဲစနစ် နှင့်/သို့ ရွေးကောက်ပွဲစက်ဝန်းကို ကျင့်သုံး၍) တိုက်ရိုက်ရွေးကောက်သည့်ပုံစံဖြင့် ရွေးချယ်ပြီး ကျယ်ပြောသည့် ဗီတိုအာဏာကို ပိုင်ဆိုင်သည်။

အမှန်စင်စစ်၌ ထိုအုပ်စုများမှာ တစ်ခုနှင့်တစ်ခု ကွဲပြားမနေဘဲ အထက်လွှတ်တော်များသည် လက်တွေ့တွင် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အခန်းကဏ္ဍများကိုလည်း တွဲစပ်တာဝန်ယူကြသည် (ဇယား ၄.၁ ကိုကြည့်ပါ)။ ဥပမာ ဩစတြေးလျအထက်လွှတ်တော်သည် ဒေသကိုယ်စားပြုလွှတ်တော်တစ်ရပ် ဖြစ်သည်။ ပြည်နယ်များ၏ တန်းတူအချိုးကျ ကိုယ်စားပြုရေးအခြေခံမှုများအရ ရွေးကောက်ခံသောကြောင့်ဖြစ်သည်။ သို့သော် တိုက်ရိုက်ရွေးကောက်ခံသည့် အတွက်ကြောင့် ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာသဘောထားကွဲလွဲရေးဟူသောမှု၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်အနေဖြင့်လည်း ပံ့ပိုးဆောင်ရွက်သည်။

## နိုင်ငံရေးစနစ်တခုလုံးနှင့် ဟန်ချက်ညီဖြစ်စေခြင်း

အထက်လွှတ်တော်တစ်ရပ်သည် နိုင်ငံအတွက် ထားရှိသင့်/မသင့် ဆုံးဖြတ်ချက်ချရာတွင်လည်းကောင်း၊ အကယ်၍ သင့်တော်သည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင် မည်သို့သော ပုံစံဖြင့် ပြုလုပ်သင့်သည် ဆိုသည်တို့တွင်လည်းကောင်း ပိုမိုကျယ်ဝန်းသည့် နိုင်ငံရေးနှင့် အင်စတီကျူးရှင်းဆိုင်ရာ ရေခံမြေခံ ပကတိအခြေအနေများတွင် ထိုအထက်လွှတ်တော်အနေဖြင့် မည်ကဲ့သို့ အံဝင်ခွင်ကျဖြစ်နိုင်မည် ဆိုသည့်အချက်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံရေးစနစ်၊ နိုင်ငံ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ရွေးကောက်ပွဲစနစ်များရှိ ဗီတိုအာဏာရှိသူ အားလုံးနှင့် ပက်သက်ပြီး စဉ်းစားပေးရမည်ဖြစ်သည်။

### နိုင်ငံရေးစနစ်ရှိ ဗီတိုအာဏာရှိသူအရေအတွက်

အကယ်၍ ဗီတိုအာဏာရှိသူအရေအတွက် နည်းပါးလွန်းလျှင် သဘောထားကျဉ်းမြောင်းသူအများစု၏ သဘောထားသာ အသာစီးရလာနိုင်သည့် ဆိုးကျိုးရှိနိုင်သည်။ သို့မဟုတ် အာဏာကို အထိန်းအကွပ်မဲ့ကျင့်သုံးသည့်အနေအထားသို့ရောက်ရှိနိုင်သည်။ အကယ်၍ဗီတိုအာဏာရှိသူအရေ

အတွက် အင်မတန်များပြားလွန်းပါက နိုင်ငံသည် မဆုတ်သာ မတိုးသာဖြစ်ပြီး လူထု၏ လိုလားချက်ကို အချိန်မီတုံ့ပြန်ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပေ။ ထိုအစွန်းနှစ်ဖက်သည် နိုင်ငံရေးစနစ်တစ်ခုလုံး၏ စွမ်းဆောင်ရည်နှင့် တရားဝင်ဖြစ်မှုကို ထိခိုက်စေမည်ဖြစ်သည်။

## နိုင်ငံ၏ ဖွဲ့စည်းတည်ဆောက်ပုံ

ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်ခွဲခြားသတ်မှတ်ထားသော ပြည်နယ်များတွင် အစုအဖွဲ့ခွဲများကို ကိုယ်စားပြုသည့် အထက်လွှတ်တော်တစ်ရပ်ရှိပြီး နိုင်ငံတော်အဆင့် ဥပဒေပြုရာတွင် ၎င်းတို့အား ထုတ်ဖော်ဆွေးနွေးခွင့်ပေးသည်။

## ရွေးကောက်တင်မြှောက်သည့် စနစ်

အထက်လွှတ်တော်အတွက် ရွေးကောက်တင်မြှောက်သည့်စနစ်မှာ အောက်လွှတ်တော်အတွက် အသုံးပြုသည့် ရွေးကောက်တင်မြှောက်ရေးစနစ်ကို ပြီးပြည့်စုံစေရန်အတွက် ရေးဆွဲခြင်းမျိုး ဖြစ်နိုင်သည်။ သို့မှသာ စနစ်တစ်ခုချင်းစီ၏ မတူညီသောကောင်းကွက်များကို ထိန်းသိမ်းထားရှိနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် ချက်နှင့် ပိုလန်နိုင်ငံများတွင် အချိုးကျ ကိုယ်စားပြုသောနည်းလမ်းကို အသုံးပြု၍ အားလုံးပါဝင်ရန်နှင့် ရရှိသည့်မဲဝေပုံကျအပေါ်မူတည်၍ နိုင်ငံရေးပါတီများအကြား မျှတသော အာဏာခွဲဝေမှု ရှိစေရန်အတွက် အောက်လွှတ်တော်အား ရွေးချယ်တင်မြှောက်ကြသည်။ သို့သော် ဒေသအသီးသီးတို့တွင် အထက်လွှတ်တော်အတွက် ရွေးချယ်တင်မြှောက်ရာ၌ အများနှစ်သက်လိုလားမှု ကိုအခြေခံသည့်စနစ်အား အသုံးပြုကြသည်။ ဩစကြေးလျနိုင်ငံ၌ ထက်အောက်ပြောင်းပြန်စနစ်ကို ကျင့်သုံးသည်။ အောက်လွှတ်တော်တွင် အကြီးဆုံးပါတီနှစ်ခု ကိုယ်စားပြုမှုအများဆုံးဖြစ်နိုင်သည့် အများနှစ်သက်လိုလားမှုကို ဦးစားပေးသည့် စနစ် (အရန်သင့် ထပ်ဆောင်းကျင်းပသော ရွေးကောက်ပွဲ) အရ ရွေးကောက်တင်မြှောက်လေ့ရှိပြီး အထက်လွှတ်တော်၌ နိုင်ငံရေးပါတီငယ်များမှ လွှမ်းမိုးမှုပိုမိုရရှိစေရန် အချိုးကျကိုယ်စားပြုသည့်ပုံစံကို အသုံးပြုကြသည်။

## ဇယား (၄.၁) အထက်လွှတ်တော် အမျိုးအစားများ

| | ပြန်လည်သုံးသပ်ရေးနှင့် နှိုင်းဆဆင်ခြင်ရန် ရည်ရွယ်သည့် လွှတ်တော် | ဒေသဆိုင်ရာ ကိုယ်စားပြုမှုကို ပံ့ပိုးရန် ရည်ရွယ်သည့် လွှတ်တော် | လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်စားပြုမှု ကျယ်ပြန့်စေရေး လွှတ်တော် | ဒီမိုကရေစီနည်းအရ အားပြိုင်မှုအပေါ်တွင်အခြေခံသည့် လွှတ်တော် |
|---|---|---|---|---|
| မူလ ရည်ရွယ်ချက် | အောက်လွှတ်တော်ထက် ပုဂ္ဂိုလ်စွဲ ပါတီစွဲ ပိုမို လျော့နည်းသည့် အနေအထားဖြင့် ဥပဒေပြုရာတွင် သုံးသပ်ချက်နှင့် စိစစ်မှုတို့ကို ဆောင်ရွက်ပေးရန် | အထူးသဖြင့် ဖက်ဒရယ်ပြည် ထောင်စုတစ်ခုတွင် ပြည်နယ်များ၊ ဒေသများ သို့မဟုတ် တိုင်းဒေသကြီးတို့၏ ကိုယ်စားပြုမှု ရှိစေရန် | သိသာကွဲပြားသော လူမှုအသိုင်းအဝိုင်းအုပ်စုများ (ဥပမာ ဘာသာစကား၊ လူမျိုး၊ ဒေသခံ တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိမှု) သို့မဟုတ် အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အုပ်စုများ (ဥပမာ အလုပ်သမားများ၊ လယ်သမားများ) ကို ကိုယ်စားပြုရန် | ဒီမိုကရေစီစနစ်အရ အပြန်အလှန် ထပ်ဆောင်းထိန်းကျောင်းစောင့်ကြည့်မှု ပြုလုပ်ရန် သို့မဟုတ် အုပ်ချုပ် ရေးအာဏာခွဲဝေမှုကို ခိုင်မာအားကောင်းစေရန် |
| သမားရိုးကျ ပေါင်းစပ် ဖွဲ့စည်းမှု | ပုံမှန်အားဖြင့် နိုင်ငံရေး၊ ဥပဒေရေးရာနှင့် အုပ်ချုပ်ရေးထိပ်ပိုင်းအလွှာများမှ ခန့်အပ်ခံ၊ ရွေးကောက်တင်မြှောက်ခံ သို့မဟုတ် ရာထူးရာခံရှိသော ပုဂ္ဂိုလ်များ။ ခန့်အပ်မှုများသည် ရေခံ မြေခံစည်းမျဉ်းများကြောင့် နိုင်ငံရေးသဘောပါဝင်နိုင်သည်။ | ပြည်နယ်/ဒေသအဆင့် အစုအဖွဲ့များမှ ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များ။ ထိုအစုအဖွဲ့ဝင်အသီးသီးမှ တိုက်ရိုက် သို့မဟုတ် ပြည်နယ်/ဒေသ ဥပဒေပြု လွှတ်တော်များမှ တဆင့်ခံ ရွေးကောက်တင်မြှောက်သည်။ ထို့ကြောင့် ပိုမိုသေးငယ်သော အစုအဖွဲ့များမှ ပိုမိုများပြားသော ကိုယ်စားပြုမှု ပါဝင်နိုင်သည်။ | အထူးသီးသန့် အုပ်စုများကို ကိုယ်စားပြုသော အဖွဲ့များမှ ရွေးကောက်သည်။ သို့မဟုတ် အထူးသီးသန့်အုပ်စုဝင်များမှ ကိုယ်တိုင် တိုက်ရိုက် ရွေးကောက်တင်မြှောက်သည်။ (ဥပမာ အထူးမဲပေးပိုင်ခွင့်စာရင်းဖြင့်) | အောက်လွှတ်တော်အတွက် အသုံးပြုသည့် ရွေးကောက်ပွဲပြက္ခဒိန် သို့မဟုတ် မဲဆန္ဒနယ် အလိုက် ရွေး ကောက်ပွဲစနစ်ကိုအသုံးပြုပြီး တိုက်ရိုက် ရွေးကောက်တင်မြှောက်သည်။ |

| | | | | |
|---|---|---|---|---|
| သမားရိုးကျ အာဏာများ | ဥပဒေ ပြင်ဆင်ခြင်းနှင့် ဆိုင်းငံ့ခြင်းတို့ကို ကန့်သတ်ထားသည်။ ဗီတိုအာဏာများကို ဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းများ၏ အဆုံးအဖြတ်ဖြင့် ကန့်သတ်ထားပြီး အောက်လွှတ်တော်မှ အလွယ်တကူ ပယ်ဖျက်နိုင်သည်။ | ပြည်နယ်/ဒေသဆိုင်ရာ အစုအဖွဲ့များ၏ သီးသန့်ထားရှိသော အာဏာနှင့် စပ်လျဉ်းသော ဥပဒေပြုရေး သို့မဟုတ် ဥပဒေပြဋ္ဌာန်းမှု အားလုံး အပေါ်၌ ဗီတိုအာဏာ အတိုင်းအဆများစွာ ရှိနိုင်သည်။ | အာဏာ အနည်းအများ ပြောင်းလဲမှု ရှိနိုင်သည်။ အချို့မှာ အကြံပေးသည့် ကဏ္ဍဖြစ်ပြီး အခြား ပုံစံများမှာဥပဒေပြဋ္ဌာန်းမှုအပေါ် အထူးသဖြင့် အချို့အုပ်စုများ၏ အကျိုးစီးပွားတို့နှင့် သက်ဆိုင်သည့် ဥပဒေများနှင့် စပ်လျဉ်းပြီး ဗီတိုအာဏာကို အကန့်အသတ်ဖြင့် ရှိနိုင်သည်။ | ဥပဒေပြဋ္ဌာန်းမှုနှင့် စပ်လျဉ်းပြီး အောက်လွှတ်တော်မှခက်ခက်ခဲခဲ ပယ်ဖျယ်မှ ရနိုင်မည့် သို့မဟုတ် ပယ်ဖျယ်နိုင်စွမ်း မရှိသည့် ဥပဒေ ပြင်ဆင်ရေးနှင့် ဗီတိုအာဏာ အတိုင်းအဆများစွာ ရှိသည်။ |
| သာဓကများ | ဗြိတိန် အထက်လွှတ်တော်၊ ဂျမေကာ အထက်လွှတ်တော်၊ ကနေဒါအထက်လွှတ်တော် | အမေရိကန် အထက်လွှတ်တော်၊ စပိန် အထက်လွှတ်တော်၊ | စလိုဗေးနီးယန်း အမျိုးသား ကောင်စီ၊ ဘော့စွက်နန် အထက်လွှတ်တော် | ဂျပန် အတိုင်ပင်ခံလွှတ်တော်၊ ဩစကြေးလျနိုင်ငံ၏ ဥပဒေပြုရေး ပြည်နယ်ကောင်စီ အချို့ |
| ဖြစ်နိုင်ချေရှိသော အခြား နည်းလမ်းများ | ဥပဒေပြုလွှတ်တော် တစ်ရပ်ဖြင့် ဥပဒေပြုသည့် ပါလီမန်လွှတ်တော်/ပါလီမန်လွှတ်တော်၏ စိစစ်ရေးသို့ ဆန်းစစ်ချင့်ချိန်ရေး ထပ်တိုး လုပ်ငန်းစဉ်/ မဲပေးရွေးချယ်ထားခြင်း မဟုတ်သော နောက်ထပ်ကျွမ်းကျင်ပညာရှင်များကို ရွေးချယ်ရာတွင် ပိုမိုခိုင်မာအားကောင်းသည့် ကော်မတီစနစ် | အခြားနည်းလမ်းရှာရန် ခက်ခဲသည်။ ဖြစ်နိုင်ချေရှိသည့် ရှားပါး နည်းလမ်းတစ်ခုမှာ တစ်ရပ်တည်းသော လွှတ်တော်၌ဒေသငယ်များမှ အသိုင်းအဝိုင်းများကို ပိုမို၍ ကိုယ်စားပြုသည့် နည်းလမ်း ဖြစ်သည်။ | တစ်ရပ်တည်းသော ဥပဒေပြုလွှတ်တော်ရှိ လူမှုအသိုင်းအဝိုင်း အုပ်စုအထွေထွေ သို့မဟုတ် လူနည်းစုတို့အတွက် ခွဲဝေသတ်မှတ်ထားသည့် အပိုင်း သို့မဟုတ် သီးခြား သတ်မှတ်ထားသည့် နေရာများ | လူနည်းစု ဗီတို အာဏာအတွက် ဆန္ဒခံယူပွဲများ၊ အများလိုလားသည့် အစပျိုး လုပ်ဆောင်ချက်များ သို့မဟုတ် ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းပိုင်ခွင့် |

## ဥပဒေပြုလွှတ်တော်နှစ်ရပ်စလုံး ခိုင်မာအားကောင်းသည့်ပုံစံနှင့် အားပျော့သည့်ပုံစံ

အထက်လွှတ်တော်၏ အားသာချက်များကို မူအရ အောက်ပါအချက်သုံးချက်ဖြင့် သတ်မှတ်နိုင်သည်။

(က) တန်းတူညီမျှခြင်း (ဥပမာ - လွှတ်တော်များအကြားရှိ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အပ်နှင်းထားသည့် အာဏာများ၏ ဟန်ချက်ညီမှု )

(ခ) အံဝင်ခွင်ကျဖြစ်မှု (ဥပမာ အထက်လွှတ်တော်မှ အောက်လွှတ်တော်၏ အချိုးအစား ကွဲပြားစွာ ပေါင်းစပ်ဖွဲ့စည်းထားပုံကို ထင်ဟပ်နိုင်ချေ သို့မဟုတ် ထိုပေါင်းစပ်ဖွဲ့စည်းပုံနှင့် ကွဲပြားခြားနားနိုင်ချေ အတိုင်းအတာ)

(ဂ) တရားဝင်ဖြစ်ခြင်း (ဥပမာ- အထက်လွှတ်တော်သည် မိမိ၏အာဏာများကို ကျင့်သုံးရန် အတွက် ဒီမိုကရေစီအရ တရားဝင်အဆင့်၌ ရှိ၊ မရှိ)

တန်းတူညီမျှမှုနှင့် အံဝင်ခွင်ကျဖြစ်မှု စသည့် ယူဆချက်များပါဝင်သည့် လက်ရှိ အမျိုးအစား ခွဲခြားမှုကို Meg Russell (၂၀၁၃) ၏ Arend Lijphart (၁၉၉၉) အပေါ် ပြန်ပြောင်းဆင်ခြင် သုံးသပ် ချက်ကိုအခြေခံ၍ လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ထားသည်။

## တန်းတူညီမျှခြင်း

တန်းတူညီမျှခြင်းသည် လွှတ်တော်များအကြားရှိ ဥပဒေရေးရာအာဏာများတွင် တန်းတူညီမျှမှု အတိုင်းအတာကို ရည်ညွှန်းသည်။ တန်းတူညီမျှသော ဥပဒေပြုလွှတ်တော်နှစ်ရပ်ဖြင့် ဥပဒေပြုရာ တွင် လွှတ်တော်နှစ်ရပ်လုံး၌ ညီမျှသော (သို့မဟုတ်) အတော်အသင့်ညီမျှသော အာဏာများရှိကြ သည်။ ဥပဒေပြဋ္ဌာန်းရာတွင် ပုံမှန်အားဖြင့် လွှတ်တော်နှစ်ရပ်လုံး၏ သဘောတူညီမှု လိုအပ်ပြီး အောက်လွှတ်တော်တစ်ရပ်တည်းမှ တစ်ဖက်သတ် ဆုံးဖြတ်ချက်ဖြင့် အထက်လွှတ်တော်၏ ဥပဒေ ပြင်ဆင်ချက်များကို သို့မဟုတ် အထက်လွှတ်တော်၏ ဗီတိုအာဏာကို ကျော်လွှန်နိုင်ခြင်း မရှိပေ။ ရှိခဲ့လျှင်လည်း ခက်ခက်ခဲခဲ လုပ်မှရနိုင်သည် (ဥပမာ သာလွန်လူများစုမဲ ဖြင့်သာ)။ ဥပဒေပြု လွှတ်တော်နှစ်ရပ် ထားရှိရာတွင် အထက်လွှတ်တော်ကို အခြေခံဥပဒေအရ ကန့်သတ်ထားလျှင် တန်းတူညီမျှမှု ရှိသည်ဟု မဆိုနိုင်ပေ။ (ဥပမာ ဆိုင်းငံ့ခွင့် အာဏာအဆင့်တွင် ကန့်သတ်ထားခြင်း၊ အဆိုပြုခွင့်ရှိခြင်း သို့သော် ပြင်ဆင်မှုများပြုလုပ်ရန် အတင်းအကြပ်တိုက်တွန်းခွင့်မရှိခြင်း) ဒေသ အခြေပြု အထက်လွှတ်တော်များသည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအား မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးအတွက် မိမိတို့၏ ဦးစားပေးအလိုက် ဥပဒေပြုရေး ကဏ္ဍအချို့တွင် အာဏာ ရှိပြီး အခြားကဏ္ဍအချို့တွင် အာဏာမရှိနိုင်ပေ။ (ဥပမာ- ဂျာမနီ၏ Bundesrat၊ ကင်ညာဆီးနိတ် လွှတ်တော် သို့မဟုတ် တောင်အာဖရိက ပြည်နယ်/တိုင်းဒေသကြီးဆိုင်ရာ အမျိုးသားကောင်စီ)

## အံဝင်ခွင်ကျဖြစ်မှု

အံဝင်ခွင်ကျဖြစ်မှုဆိုသည်မှာ လွှတ်တော်များသည် မိမိတို့အားသန်ရာ ပေါင်းစပ်ဖွဲ့စည်းပုံများ အရ ၎င်းတို့၏ တူညီသောလက္ခဏာကို ဖော်ပြရန်သုံးနှုန်းသည့် ဝေါဟာရဖြစ်သည်။ လွှတ်တော်များ သည် နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် နိုင်ငံရေးပါတီညွန့်ပေါင်းအဖွဲ့တစ်ဖွဲ့က လွှတ်တော်နှစ်ရပ်လုံး၌ နေရာ အများစုကိုပိုင်ဆိုင်ထားလျှင် အံဝင်ခွင်ကျဖြစ်ပြီး အကယ်၍ မိမိတို့ အားသန်ရာ ပေါင်းစပ် ဖွဲ့စည်းပုံများ လွှတ်တော်နှစ်ရပ်ကြား၌ ကွဲပြားခြားနားလျှင် အံဝင်ခွင်ကျမဖြစ်ပေ။ အံဝင်ခွင်ကျဖြစ်မှု သည် တူညီသောရွေးကောက်ပွဲစနစ် တစ်ခုကိုကျင့်သုံး၍ လွှတ်တော်နှစ်ရပ်လုံးအား တစ်ပြိုင်နက်

ရွေးကောက် တင်မြှောက်လျှင်သော်လည်းကောင်း သို့မဟုတ် အောက်လွှတ်တော်၏ ခေါင်းဆောင်အများစုက အထက်လွှတ်တော်အတွက် ပုဂ္ဂိုလ်အများစုကို ရွေးချယ်ခန့်အပ်လျှင် အံဝင်ခွင်ကျဖြစ်နိုင်ချေ ရှိသည်။ အကယ်၍ လွှတ်တော်နှစ်ရပ်သည် မတူညီသော ကိုယ်စားပြုခြင်းဆိုင်ရာမူများကို အခြေခံခဲ့လျှင် (လွှတ်တော်နှစ်ရပ်အား သီးခြားစီအချိန်ခွဲ၍ ရွေးကောက်တင်မြှောက်ကြပြီး မဲပေးသူလည်း မတူခဲ့လျှင် သို့မဟုတ် ကွဲပြားခြားနားသော ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးခဲ့လျှင်) အံဝင်ခွင်ကျ မဖြစ်နိုင်ချေ။ ဥပမာ ရိုမေးနီးယားနှင့် အီတလီနိုင်ငံများ၏ အထက်လွှတ်တော်များမှာ အောက်လွှတ်တော်များနှင့် အံဝင်ခွင်ကျရှိသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနိုင်ငံများတွင် လွှတ်တော်နှစ်ရပ်လုံးအား အချိုးကျကိုယ်စားပြုစေ၍ တပြိုင်နက်တည်း တိုက်ရိုက်ရွေးကောက်တင်မြှောက်သောကြောင့်ဖြစ်သည်။ ဩစတြေးလျ အထက်လွှတ်တော်သည် အောက်လွှတ်တော်တွင် ကျင့်သုံးသည့် ရွေးကောက်ပွဲစနစ်နှင့် မတူညီသော ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးသည့်အတွက် အံဝင်ခွင်ကျမဖြစ်ပေ။ ရလဒ်မှာ ဩစတြေးလျ အထက်လွှတ်တော်သည် ပို၍သိသာထင်ရှားသော နိုင်ငံရေးကစားသမားများ ဖြစ်လာသည်။ ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေး နိုင်ငံရေးပါတီဝင်များနှင့် အခြားပါတီငယ်များအား လွှမ်းမိုးနိုင်သည့် အခြေအနေတစ်ရပ်ပေးထားသည့် အတွက်ကြောင့်ဖြစ်သည်။

## တရားဝင်ခြင်း

အထက်လွှတ်တော်သည် ပို၍ ခိုင်မာအားကောင်းလေလေ ၎င်း၏အာဏာများကို အပြည့်အဝကျင့်သုံးနိုင်ချေ ပိုရှိလေလေဖြစ်သည်။ ဒီမိုကရေစီအရ တရားဝင်အသိအမှတ်ပြုမှုကို ပုံမှန်အားဖြင့်အများလိုလားသည့် ရွေးကောက်ပွဲမှတဆင့် အပ်နှင်းခြင်းဖြစ်သော်လည်း တရားဝင်ဖြစ်စေမည့်အခြားပုံစံများ (ဥပမာ အစဉ်အလာအရ သို့မဟုတ် ဘာသာရေးအရ လက်ခံကျင့်သုံးသည့် တရားဝင်မှု သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့မှ အပ်နှင်းသည့် တရားဝင်မှုကိုလည်း အချို့အခြေအနေများတွင်) ကျင့်သုံးနိုင်သည်။ ရွေးကောက်တင်မြှောက်ခြင်း မဟုတ်ဘဲ ခန့်အပ်ခြင်းခံရသည့် ကမ္ဘာတဝှမ်းရှိ အထက်လွှတ်တော် အများအပြားသည် တရားဝင်မှုမရှိဟု သုံးသပ်ယူဆကြပြီး နောက်ဆက်တွဲရလဒ်အနေဖြင့် မိမိတို့တွင်ရှိရမည့် တရားဝင်အာဏာမရှိဘဲ အသုံးတည့်မှုနည်းသော အာဏာအချို့သာ ရှိကြသည်။ ဥပမာ ကနေဒါနိုင်ငံ၏ (ခန့်အပ်ခံ) အထက်လွှတ်တော်များ၊ နယ်သာလန်နိုင်ငံ၏ (တဆင့်ခံ ရွေးကောက်တင်မြှောက်ခံရသော) အထက်လွှတ်တော်များသည် မိမိတို့သက်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဥပဒေပြုရေးနှင့် စပ်လျဉ်းပြီး အကြွင်းမဲ့ ဗီတိုအာဏာ ရှိကြသည်။ သို့သော် လက်တွေ့၌ ၎င်းတို့အား ဒီမိုကရေစီ သဘောအရ တရားဝင်မှုမရှိဟု ရှုမြင်ကြသည့်အတွက် ၎င်းတို့၏အာဏာကို သတ်မှတ်ချက်ထက် လျော့နည်းကာ ကျင့်သုံးလေ့ရှိကြသည်။ အခြားတစ်ဖက်၌ ဩစတြေးလျနိုင်ငံ၏ တိုက်ရိုက်ရွေးကောက်တင်မြှောက်သော အထက်လွှတ်တော်သည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ တရားဝင်မှုကို အပ်နှင်းခြင်းခံရသည့် ဂျာမနီ၏ Bundesrat ကဲ့သို့ပင် အပ်နှင်းထားသောအာဏာများကို ပြတ်ပြတ်သားသားကျင့်သုံးကြသည်။

# ၅။ ရွေးချယ်နိုင်သည့်ပုံစံများ – ပေါင်းစပ်ဖွဲ့စည်းပုံနှင့် တည်ဆောက်ပုံ

အထက်လွှတ်တော်၏ အခန်းကဏ္ဍနှင့် ထိရောက်မှုအပေါ် ၎င်း၏ကိုယ်စားလှယ်များအား မည်သို့ ရွေးချယ်သည်၊ မည်သူကရွေးချယ်၍ သက်တမ်းမည်မျှကြာမြင့်သည် စသည့်အချက်များမှ လွှမ်းမိုးသည်။ ထိုစဉ်းစားချက်များကို ဤအပိုင်းတွင် ဆွေးနွေးထားသည်။

## ပေါင်းစပ်ဖွဲ့စည်းပုံနည်းလမ်း

အထက်လွှတ်တော်ကို အောက်ဖော်ပြပါ နည်းလမ်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော နည်းလမ်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းနိုင်သည်။

### တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်း

အထက်လွှတ်တော်ကို လူထုမှ တိုက်ရိုက်ရွေးကောက်တင်မြှောက်နိုင်သည်။ ထိုနည်းလမ်းသည် အထက်လွှတ်တော်၏ ဒီမိုကရေစီအရ တရားဝင်ဖြစ်မှုကို မြှင့်တင်နိုင်သည့် အလားအလာရှိသည်။ အကယ်၍ ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲ၊ အချိန်သတ်မှတ်ချက်နှင့် ကိုယ်စားလှယ်များကို ခန့်အပ်သည့်ပုံစံတို့မှာ လွှတ်တော်နှစ်ရပ်ကြား တူညီမှုရှိလျှင် အထက်လွှတ်တော်သည် အောက်လွှတ်တော်နှင့် ထူးမခြားနားဖြစ်နေနိုင်ပြီး အောက်လွှတ်တော်၏ စုဖွဲ့မှုပုံစံနှင့် တူညီနေသည့်အတွက် ဗီတိုအာဏာသက်ရောက်မှုလည်း နည်းပါးမည်ဖြစ်သည်။ အကယ်၍လွှတ်တော်နှစ်ရပ်ကြား အစည်းအဝေးကျင်းပသည့် အချိန်၊ လုပ်ထုံးလုပ်နည်း၊ ပုံစံနှင့် စံသတ်မှတ်ချက်ကို ဆုံးဖြတ်ပေးသည့် စည်းမျဉ်းများ ကွဲပြားခြားနားလျှင် အထက်လွှတ်တော်သည် အောက်လွှတ်တော်နှင့် အံဝင်ခွင်ကျဖြစ်မည်မဟုတ်ပေ။ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့တွင် ပေါင်းစပ်ပါဝင်သည့် နိုင်ငံရေးပါတီများ မတူနိုင်သည့်အတွက် အချို့ကဏ္ဍများတွင် နိုင်ငံရေးအရ ပိုမိုလွှမ်းမိုးနိုင်သည်။

### ဒေသဆိုင်ရာ ကိုယ်စားပြုမှု

ဒေသအခြေပြု အထက်လွှတ်တော်ကိုယ်စားလှယ်များကို ပြည်နယ်/တိုင်းဒေသကြီး အင်စတီကျူးရှင်းများမှ ရံဖန်ရံခါ ရွေးချယ်လေ့ရှိသည်။ အိန္ဒိယနှင့် ဩစတြီးယားနိုင်ငံရှိ အထက်လွှတ်တော်ကိုယ်စားလှယ်များကို ပြည်နယ်/တိုင်းဒေသကြီး ဥပဒေပြုလွှတ်တော်များမှ တဆင့်ခံ ရွေးကောက်တင်မြှောက်ကြသည်။ ဂျာမနီ၏ အထက်လွှတ်တော်ကို ပြည်နယ် ၁၆ ခုမှ ကိုယ်စားလှယ်များဖြင့်

ဖွဲ့စည်းထားသည့် ဥပဒေပြုလွှတ်တော် (Congress) အဖြစ် သတ်မှတ်ကြသည်။ ထိုပြည်နယ် ၁၆ ခုသည် မိမိတို့၏ အလုပ်အမှုဆောင် အုပ်ချုပ်ရေးရုံးခွဲမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့စီကို စေလွှတ်သည်။ ယင်းအုပ်ချုပ်ရေးရုံးခွဲတွင် ဆွေးနွေးလျက်ရှိသည့် ဥပဒေပြုရေးဆိုင်ရာ အကြောင်းအရာများအတွက် တာဝန်ရှိသော ပြည်နယ်ဝန်ကြီးများ ပါဝင်သည်။ တောင်အာဖရိကနိုင်ငံ၏ ပြည်နယ်များဆိုင်ရာ အမျိုးသားကောင်စီကို အလွှာစုံဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ ပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့အသီးသီးတွင် ပြည်နယ်ဥပဒေပြုလွှတ်တော်ရှိ နိုင်ငံရေးရေးပါတီများမှ ရွေးချယ်သတ်မှတ်ထားသည့် အမြဲတမ်းအဖွဲ့ဝင် ၆ ဦး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဆွေးနွေးသည့် အကြောင်းအရာပေါ် မူတည်၍ ဝန်ကြီးချုပ်မှ အလုပ်တာဝန်လွှဲအပ်သည့် ကိုယ်စားလှယ် ၃ ဦး ပါဝင်သည်။ ဒေသဆိုင်ရာ အစုအဖွဲ့များမှ တဆင့်ခံရွေးကောက်တင်မြှောက်ခြင်းကို တစ်ပြည်ထောင်စနစ်ကျင့်သုံးသော နိုင်ငံများတွင် ကျင့်သုံးကြသည် (ဥပမာ ပြင်သစ်အထက်လွှတ်တော်ကို စည်ပင်နှင့် ဌာနဆိုင်ရာအတိုင်ပင်ခံများဖြင့် အဓိကပေါင်းစပ်ဖွဲ့စည်းထားသည့် အတတ်ပညာရှင်များ အစုအဖွဲ့မှ တစ်ဆင့်ခံရွေးကောက် တင်မြှောက်သည်။)။

### ဇယား (၅.၁) လုပ်ငန်းသဘောအရ ကိုယ်စားပြုခြင်း - ဆလိုဗေးနီးယား အမျိုးသားကောင်စီ

| ကိုယ်စားပြု လုပ်ငန်းရေးရာ အုပ်စု | ရွေးကောက်တင် မြှောက်သည့် အဖွဲ့ဝင်များ | ရွေးကောက်တင် မြှောက်ခံ အဖွဲ့ဝင် အရေအတွက် |
|---|---|---|
| **လုပ်ငန်းရှင်များ** | ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် | ၄ |
| **အလုပ်သမားများ** | ကုန်သွယ်ရေး သမဂ္ဂများ | ၄ |
| **လယ်သမားများ၊ လက်မှုအတတ်ပညာရှင်များ၊ ကုန်သည်များ** | လယ်သမားအဖွဲ့အစည်းများ၊<br>လက်မှုအတတ်ပညာနှင့် ကုန်သွယ်ရေးအဖွဲ့များ၊<br>အခြားအသက် မွေးဝမ်းကြောင်းဆိုင်ရာအဖွဲ့အစည်းများ | ၂<br>၁<br>၁ |
| **စီးပွားရေးမဟုတ်သော အခြားကဏ္ဍများ** | တက္ကသိုလ်နှင့် ကောလိပ်များ<br>ဆရာ/ဆရာမများ<br>သုတေသနအဖွဲ့အစည်းများ<br>ယဉ်ကျေးမှုနှင့် အားကစား<br>ဆေးပညာဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများ<br>လူမှုရေးအကျိုးပြုလုပ်ငန်းများ | ၁<br>၁<br>၁<br>၁<br>၁<br>၁ |
| **ဒေသဆိုင်ရာ ပြည်သူလူထု** | ဒေသဆိုင်ရာ အတိုင်ပင်ခံများ | ၂၂ |
| **စုစုပေါင်း** | | ၄၀ |

ကိုးကားချက်- Republic of Slovenia, 'About the National Council', [n.d.], <http://www.ds-rs.si/?q=en/ about-national-council>, accessed 14 July 2017.

## လုပ်ငန်းပိုင်းဆိုင်ရာအလိုက် ကိုယ်စားပြုခြင်း

လုပ်ငန်းပိုင်းဆိုင်ရာ ကိုယ်စားပြုခြင်း ဆိုသည့်စကားလုံးသည် လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ အတတ်ပညာဆိုင်ရာ၊ အသက်မွေးမှုဆိုင်ရာ အဖွဲ့အစည်းများကို ကိုယ်စားပြုခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။ ဥပဒေပြုလွှတ်တော်သည် အများပြည်သူဟုဆိုရာ၌ ထိုသူတို့၏ စီးပွားရေး၊ လူမှုရေး၊ အတတ်ပညာ၊ အသက်မွေးမှုဆိုင်ရာ အတွေ့အကြုံများအားလုံးကို ထည့်သွင်းစဉ်းစားရန် ယခုလို ရည်ညွှန်းရခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ဆလိုဗေးနီးယား နိုင်ငံတော်ကောင်စီသည် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများမှ ရွေးချယ်ထားသူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ (ဇယား ၅.၁ ကို ကြည့်ရန်) အိုင်ယာလန်နိုင်ငံ အထက်လွှတ်တော်၏ အဖွဲ့ဝင်အများစုတို့သည်လည်း မူအား ဖြင့် ဆလိုဗေးနီးယား နိုင်ငံတော်ကောင်စီ၏ ဖွဲ့စည်းပုံနှင့် ဆင်သည်။ (၁)ဘာသာစကား၊ ယဉ်ကျေးမှု၊ စာပေ၊ အနုပညာနှင့်ပညာရေး (၂) စိုက်ပျိုးရေးနှင့် ရေလုပ်ငန်း(၃) အလုပ်သမား(၄) စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် (၅) အများပြည်သူ အုပ်ချုပ်ရေး၊ စေတနာ့လူမှုဝန်ထမ်းလုပ်ငန်းများ အပါအဝင် လူမှုဝန်ထမ်းလုပ်ငန်းများဆိုင်ရာ စသည်တို့ကို ကိုယ်စားပြုသောအဖွဲ့အစည်း(၅)ခုတို့မှ ရွေးကောက် ထားခြင်းဖြစ်သည်။ ထိုအဖွဲ့အစည်းတို့မှ ရွေးကောက်ခံများကို အမည်တင်သွင်းသော်လည်း နောက်ဆုံး ရွေးကောက်တင်မြှောက်ရာ၌ တာဝန်ထမ်းဆောင်ဆဲ နိုင်ငံရေးသမားတို့မှ ဆုံးဖြတ်ရခြင်း ဖြစ်သောကြောင့် လက်တွေ့တွင် အိုင်ယာလန် အထက်လွှတ်တော်သည် ပါတီနိုင်ငံရေး အရှိန်အဝါ အောက်တွင် ပြင်းပြင်းထန်ထန် လွှမ်းမိုးခံနေရဆဲ ဖြစ်သည်။

## လူမှုအသိုင်းအဝိုင်းများအား ကိုယ်စားပြုခြင်း

လူမှုအသိုင်းအဝိုင်းများအားကိုယ်စားပြုခြင်းသည် နယ်မြေအလိုက် ကိုယ်စားပြုခြင်းနှင့် လုပ်ငန်း ပိုင်းဆိုင်ရာအလိုက် ကိုယ်စားပြုခြင်းတို့နှင့် ယေဘူယျအားဖြင့် တူညီသည်။ သို့သော် ဤကိုယ်စားပြု စနစ်သည် နယ်မြေပေါ်တွင် မူတည်၍သော်လည်းကောင်း၊ လူမှုစီးပွား အချက်အလက်များပေါ်တွင် မူတည်၍သော်လည်းကောင်း ကိုယ်စားပြု အဖွဲ့များကို ရွေးချယ်ခြင်းမရှိပဲ ဘာသာစကား၊ လူမျိုးစု၊ ယဉ်ကျေးမှု နှင့် ဘာသာရေးတို့ အပေါ်တွင် မူတည်၍ ရွေးချယ်တင်မြှောက်ခြင်း ဖြစ်သည်။ သို့သော် ဤကဲ့သို့သောစနစ် ကျင့်သုံးသည့် အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) များမှာ အနည်းစု သာ ရှိသေးသည်။ ဥပမာ တစ်ခုမှာ ဘယ်လ်ဂျီယံနိုင်ငံ၏ အထက်လွှတ်တော်ဖြစ်ပြီး ဖွဲ့စည်းရာတွင် တွင် ဘာသာစကားကွဲပြားသော လူမှုအသိုင်းအဝိုင်းများမှ ရွေးကောက်တင်မြှောက်သော အဖွဲ့ဝင် များ အတွက် အရေအတွက် သီးသန့် သတ်မှတ်ထားပေသည်။ ဘော့စနီးယားလူမျိုးများ၊ (Bosniak)၊ ခရိုအေးရှား လူမျိုးများ (Croat) နှင့် ဆားဘီးယား လူမျိုးများ (Serb) အရေအတွက် အညီအမျှဖြင့် ဖွဲ့စည်းထားသော ဘော့စနီးယား (Bosnia) နှင့် ဟာဇက်ဂိုဗီးနား (Herzegovina) ၏ အမျိုးသား လွှတ်တော် (The House of Peoples of Bosnia and Herzegovina) သည် အခြားဥပမာတစ်ခု ဖြစ်သည်။ ဤကဲ့သို့သော ဖွဲ့စည်းပုံမှာ အများပြည်သူတို့အား အာဏာခွဲဝေပေးအပ်ရန် ရည်ရွယ်၍ အများအားဖြင့် မိတ်ဖော်ပေါင်းဖက် သဘောတူညီမှု (Consociational Arrangements) များနှင့်

ဖွဲ့စည်းထားကြခြင်း ဖြစ်သည်။ ဤသို့သော ဖွဲ့စည်းမှုကို လူမျိုးစုအချင်းအချင်းအကြား အကြမ်းဖက်မှုများပြီးနောက် ငြိမ်းချမ်းရေး သဘောတူညီချက်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် လည်းကောင်း၊ ဘာသာစကား ကွဲပြားမှုများ၊ ယဉ်ကျေးမှုကွဲပြားမှုများ အလွန်များပြားသော နိုင်ငံများတွင် အဆိုပါ ကွဲပြားမှုများကြောင့် နိုင်ငံတော်ပြိုကွဲမှုမှ ကာကွယ်ရာတွင် လည်းကောင်း အသုံးပြုကြသည်။ ဤကဲ့သို့ဖွဲ့စည်းရခြင်း၏ အားနည်းချက်တစ်ခုမှာကား နိုင်ငံရေးအား ဤကဲ့သို့ ခွဲခြားဖွဲ့စည်းလိုက်ခြင်းဖြင့် ယခင်ကရှိနှင့်ပြီးသော ကွဲပြားချက်များအား ဖြေရှင်းနိုင်ခြင်းမရှိဘဲ ပို၍ပို၍ ကွဲပြားလာပြီး အဆိုပါ ကွဲပြားမှုများအား ပိုမိုကြာရှည် အမြစ်တွယ်လာစေနိုင်ခြင်း ဖြစ်သည်။

## အုပ်ချုပ်ရေးဆိုင်ရာ ရာထူးခန့်အပ်မှုများ

အုပ်ချုပ်ရေးဆိုင်ရာ ရာထူးခန့်အပ်မှုများကို များသောအားဖြင့် ပြန်လည်စီစစ်မှု အားနည်းသော လွှတ်တော်များအတွက် အသုံးပြုလေ့ရှိကြသည်။ အဖွဲ့ဝင်များသည် ပြင်ပမဲဆန္ဒနယ်တစ်ခု အစား ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံများ၊ အသိပညာများကိုတင်ပြ၍ အရွေးခံကြခြင်းဖြစ်သည်။ သို့သော်လည်း လက်တွေ့တွင် အချို့သောအုပ်စုများပါ သေချာစွာပါဝင်စေရန် ကိုယ်စားပြုမှုသဘော သက်ရောက်သော ပုံစံဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းအရ ရွေးချယ်တင်မြှောက်မှုများ ပြုလုပ်နိုင်ကြပါသည်။ ဤအခြေအနေမျိုးများတွင် ခန့်အပ်ထားသော လွှတ်တော်သည် လုပ်ငန်းပိုင်းဆိုင်ရာအရ ကိုယ်စားလှယ်ရွေးချယ်ထားသော လွှတ်တော် သို့မဟုတ် လူမှုအသိုင်းအဝိုင်းအရ ကိုယ်စားလှယ်ရွေးချယ်ထားသော လွှတ်တော်တို့နှင့် အသွင်တူလာနိုင်သည်။ ဥပမာ ဘလိဇ်နိုင်ငံရှိ ဥပဒေပြု အထက်လွှတ်တော်၏ လေးပုံတစ်ပုံသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသိအမှတ်ပြုခံရသော လူမှုရေး၊ စီးပွားရေး အကျိုးတူအုပ်စုများ၏ အကြံပြုချက်များအရ ခန့်အပ်ထားခြင်းဖြစ်သည်။ ကနေဒါနိုင်ငံတွင်မူ အထက်လွှတ်တော်၏ ပမာဏတစ်ခုကို နယ်မြေတစ်ခုစီတိုင်းမှ ခန့်အပ်ရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် အထက်လွှတ်တော်တွင် အောက်လွှတ်တော်ရှိ နိုင်ငံရေးပါတီများ၏ အာဏာအချိုးအစားကို ထင်ဟပ်စေရန် ခန့်အပ်ကြခြင်းဖြစ်သည်။ ဤအခြေအနေမျိုးများတွင် အထက်လွှတ်တော်သည် တစ်ထပ်တည်းကျ ရွေးကောက်ထားသော လွှတ်တော်တစ်ခုနီးနီး အဆင်တူလာသည်။ ဂျမေကာနိုင်ငံတွင် လွှတ်တော်၏ သုံးပုံနှစ်ပုံနေရာရပါက အစိုးရအဖွဲ့ဖွဲ့ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာမခံထားပြီးဖြစ်သည်။ ဤရည်ညွှန်းချက်များ အားလုံးတွင် အဖွဲ့ဝင်များသည် အရည်အချင်းထက် ဘက်တော်သားများအတွက် ရွေးချယ်ထားခြင်း ဖြစ်သည့်အတွက် အခွင့်အရေးထူးပေးခြင်းများ၊ လာဘ်ပေးလာဘ်ယူခြင်းများ ဖြစ်လာနိုင်ပါသည်။ အထက်လွှတ်တော်၏ တရားဝင်ဖြစ်မှု၊ ၎င်း၏ အကျိုးရှိမှုတို့ကို ယုတ်လျော့စေမည်ဖြစ်သည်။ ဤကဲ့သို့ ကိစ္စရပ်များမှကာကွယ်ရန် သီးခြားရွေးကောက်မှု ကော်မရှင်တစ်ခုအားဖွဲ့စည်းပြီး ၎င်းအား ကိုယ်စားလှယ်လောင်းများကို ရွေးကောက်ခံအဖြစ် အမည်တင်သွင်းရန်နှင့် အဆိုပြုခံရသူတို့ကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးရန် အာဏာများအပ်နှင်းသင့်သည်။

## လွှတ်တော်အား ရောစပ်ဖွဲ့စည်းခြင်း

အထက်လွှတ်တော်များသည် ဖွဲ့စည်းပုံ ပုံစံနှစ်မျိုး သို့မဟုတ် နှစ်မျိုးထက်ပို၍ ရောစပ်၍ ဖွဲ့စည်းထားခြင်းသည် သာမန်ဖြစ်နေကျ ကိစ္စရပ်ဖြစ်သည်။ ဥပမာအားဖြင့် တစ်ကမ္ဘာလုံး သတ်မှတ်ချက်အရ ရာနှုန်းပြည့် ခန့်အပ်ခြင်းဖြင့် ရွေးချယ်တင်မြှောက်ထားသော အထက်လွှတ်တော်မှာ ရှားပါးသော်လည်း ဥပဒေပြုအာဏာပိုင်အဖွဲ့တွင် အရည်အချင်းနှင့် အတွေ့အကြုံရှိသော၊ ဘက်တော်သားမဟုတ်သော သူများအား ရွေးကောက်ခံအဖွဲ့ဝင်များနှင့်အတူ ဥပဒေပြုရေးတွင် ပါဝင်စေရေးသည် သာမန်ဖြစ်သည်။ အီတလီနိုင်ငံတွင် အထက်လွှတ်တော်၏ အမတ်အများစုမှာ ဒေသအလိုက် တိုက်ရိုက်ရွေးကောက်တင်မြှောက်ခံထားရခြင်း ဖြစ်သော်လည်း အမတ်အနည်းစုမှာ သမ္မတမှ လူမှုရေး၊ သိပ္ပံပညာ၊ အနုပညာ၊ စာပေနယ်ပယ်များတွင် ထူးချွန်ပြောင်မြောက်သူများ၊ နိုင်ငံ့ဂုဏ်ဆောင်သူများအား ရာသက်ပန်အမတ်များအဖြစ် ရွေးချယ်ခန့်အပ်ခြင်း ခံရသူများလည်း ပါဝင်သည်။ (အီတလီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၅၉) အလားတူပင် အိန္ဒိယနိုင်ငံတွင် သမ္မတသည် ပြည်နယ်လွှတ်တော်မှ ရွေးကောက်ထားသော သူများနှင့်အတူ အဖွဲ့ဝင်အနည်းငယ်ကို စာပေ၊ သိပ္ပံပညာ၊ အနုပညာနှင့် လူမှုရေး.... အစရှိသည့် နယ်ပယ်အတွင်း ၎င်းတို့၏ အထူးအသိပညာ သို့မဟုတ် လက်တွေ့အတွေ့အကြုံများအပေါ် အသိအမှတ်ပြုကာ ခန့်အပ်နိုင်သည်။ (အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၈၀)

## ရာထူးသက်တမ်းကာလ

သာမန်အားဖြင့် အထက်လွှတ်တော်များသည် အောက်လွှတ်တော်များထက် ပိုမိုရှည်လျားသော ရာထူးသက်တမ်းများ ရှိကြသည်။ (ဥပမာ အောက်လွှတ်တော်အတွက် လေးနှစ် သို့မဟုတ် ငါးနှစ် ရာထူးသက်တမ်းရှိသော်လည်း အထက်လွှတ်တော်၏ ရာထူးသက်တမ်းမှာ ခြောက်နှစ်ရှိခြင်း။) အစိုးရ အပြောင်းအလဲများအကြား ကွင်းဆက်မပြတ်စေရန်အတွက် ဥပဒေပြုအထက်လွှတ်တော် ကိုယ်စားလှယ်တို့၏ ရာထူးသက်တမ်းကုန်ဆုံးမှုကို တစ်ဦးနှင့် တစ်ဦး မတူညီအောင် စီစဉ်ထားခြင်း ရှိနိုင်သည်။ အကယ်၍ အထက်လွှတ်တော်ကို တိုက်ရိုက်ရွေးကောက်တင်မြှောက်လျှင် အလျှင်းသင့်သလိုပြုလုပ်သော ရွေးကောက်ပွဲများကြောင့် လွှတ်တော်နှစ်ရပ်အကြား အံဝင်ခွင်ကျ မဖြစ်သည့် အနေအထား ဖြစ်ပေါ်စေနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် အာဏာရ လူအများစုကို အတိုက်အခံပြုသည့် အကာအကွယ်မဲအဖြစ် အထက်လွှတ်တော်ရွေးကောက်ပွဲများကို အသုံးချနိုင်သောကြောင့် ဖြစ် သည်။

အုပ်ချုပ်ရေးမဏ္ဍိုင်၏ သဘောထားဖြင့် ဖျက်သိမ်းနိုင်သော အထက်လွှတ်တော်တစ်ရပ်သည် (အခြား အာဏာများ တူညီနေသော်လည်း) ပုံသေရာထူးသက်တမ်း သတ်မှတ်ထားသော သို့မဟုတ် ကန့်သတ်ထားသော အခြေအနေများအတွင်းသာ ဖျက်သိမ်းနိုင်သော လွှတ်တော်တစ်ခုထက် ပို၍ အားနည်းသည့် အနေအထားတစ်ခု၌ ရှိလိမ့်မည်။ အချို့သော အထက်လွှတ်တော်များတွင် အမြဲတမ်း

အဖွဲ့ဝင်များ သို့မဟုတ် အလှည့်ကျအဖွဲ့ဝင်များရှိပြီး မည်သည့်အခါမျှ ဖျက်သိမ်း၍ မရပေ။ ဤနည်းအားဖြင့် အထက်လွှတ်တော်များသည် အလုပ်အမှုဆောင် သို့မဟုတ် အောက်လွှတ်တော်နှင့် ယှဉ်၍ ၎င်း၏ အာဏာအနေအထားကို အားကောင်းလာစေနိုင်သည်။

## လွှတ်တော်ကိုယ်စားလှယ် အရေအတွက်

အထက်လွှတ်တော်များသည် များသောအားဖြင့် အောက်လွှတ်တော်နှင့် နှိုင်းစာလျှင် အဖွဲ့ဝင်အရေအတွက် အနည်းငယ်သာရှိကြသည်။ ဤသို့ လွှတ်တော်များတွင် အထူးသဖြင့် ပြန်လည်စီစစ်ရေးလွှတ်တော်များ၌ အဖွဲ့ဝင်အရေအတွက် နည်းပါးရခြင်းမှာ ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ်စကား အချေအတင်ပြောဆိုမှုပုံစံမျိုး ဖြစ်ပေါ်စေနိုင်ရန် ဖြစ်သည်။ သို့သော်လည်း ကော်မတီအားလုံးအတွက် အမှုထမ်းခန့်အပ်ရန် အဖွဲ့ဝင်အလုံအလောက် ရှိရေးနှင့် ရွေးကောက်ထားသော ဥပဒေပြုအထက်လွှတ်တော်များတွင် အဖွဲ့ဝင် အလွန်အမင်းနည်းပါးပါက အဖွဲ့ဝင်တစ်ဦးစီ၌ အလုပ်တာဝန်ပမာဏအလွန်အမင်း များပြားသွားစေနိုင်သည့်အတွက် မဲဆန္ဒရှင်ပြည်သူပမာဏနှင့် အဖွဲ့ဝင်အရေအတွက်အချိုးကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။

## နောက်ဆက်တွဲ ထည့်သွင်းစဉ်းစားရမည့်အချက်များ (အထူးသဖြင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များအတွက်)

### လူဦးရေအရ သို့မဟုတ် နယ်မြေအရ ကိုယ်စားပြုခြင်း

နယ်မြေတစ်ခုစီအား ၎င်း၏လူဦးရေအလိုက် ကိုယ်စားပြုဖော်ပြသင့်ပါသလော။ သို့မဟုတ် လူဦးရေနည်းသော နယ်မြေများအား ပို၍ကြီးမားသော နယ်မြေများနှင့်အတူ အခွင့်အရေး တန်းတူညီမျှရစေရန်လိုအပ်သည့် အရေအတွက်ထက် ပို၍ကိုယ်စားပြု ဖော်ပြသင့်ပါသလော။ အာဂျင်တီးနား၊ ဩစတြေးလျ၊ တောင်အာဖရိကနှင့် အမေရိကန် ပြည်ထောင်စုတို့တွင် နယ်မြေအသီးသီးအား လူဦးရေ အရေအတွက် ကွဲပြားခြားနားသော်လည်း တန်းတူညီမျှသော ထုတ်ဖော်ဖွင့်ဟခွင့် ပေးထားသည်။ ဂျာမနီနှင့် အိန္ဒိယနိုင်ငံများတွင်မူ နယ်မြေငယ်များအား အချိုးမညီမျှသော ကိုယ်စားပြုခွင့် ပေးထားသော်လည်း နှုန်းထားပြောင်းသွားနိုင်ပါသည်။ လူဦးရေ ၁၂.၅ သန်းရှိသော လူဦးရေ အသိပ်သည်းဆုံးဂျာမန်ဒေသဖြစ်သည့် Bavaria သည် မဲပေးခွင့် ၆ ခုရှိပြီး လူဦးရေ ၆ သိန်းရှိသည့် Bremen သည် မဲပေးခွင့် ၃ ခုရှိသည်။ (မဲအရေအတွက်သည် တစ်ဝက်ဖြစ်သော်လည်း လူဦးရေသည် နှစ်ဆယ်ပုံ တစ်ပုံခန့်သာ ရှိသည်) ဤကဲ့သို့ အချိုးမညီမျှသော ကိုယ်စားပြုခြင်းတွင် လွှတ်တော်တစ်ရပ်၏ အခန်းကဏ္ဍကို နယ်မြေတွင်းရှိ ပြည်သူတစ်ဦးချင်းစီအား ကိုယ်စားပြုစေခြင်းထက် နယ်မြေတစ်ခုချင်းစီအလိုက် ကိုယ်စားပြုစေခြင်းအဖြစ် အသားပေးထားခြင်းဖြစ်သည်။ လက်တွေ့တွင် ဤသို့ ကိုယ်စားမှုအချိုးသည် ပြည်သူအချိုးထက် ပိုလျှံနေသည့်အခါတွင် လူများစု၏ ဆောင်ရွက်ချက်များကို လူနည်းစုမှ ဗီတိုအာဏာဖြင့် ပယ်ချနိုင်သည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စု အထက်

လွှတ်တော်သည် လူဦးရေ၏ ၁၁ ရာခိုင်နှုန်းသာသာကိုသာ ကိုယ်စားပြုသော အဖွဲ့ဝင်များအား ဥပဒေပြဋ္ဌာန်းမှုကို ဟန့်တားနိုင်ခွင့်ရစေရန် စီစဉ်ပေးထားသည်ဟု ခန့်မှန်းရပါသည်။ ဤသို့ပြုလုပ်ခြင်းသည် ရှိရင်းစွဲ အခြေအနေမှ ပိုမိုတိုးတက်သော၊ အများလက်ခံထားသော ပြုပြင်ပြောင်းလဲမှုများအတွက် အဟန့်အတားများဖြစ်စေနိုင်ပြီး ဒီမိုကရေစီစနစ်နှင့် သွေဖီလာသည့် အကျိုးသက်ရောက်မှုများ ရှိလာနိုင်ပါသည်။

## အုပ်စုလိုက်မဲပေးခြင်း သို့မဟုတ် မိမိဆန္ဒအရမဲပေးခြင်း

နယ်မြေယူနစ်တစ်ခုကိုကိုယ်စားပြုသောကိုယ်စားလှယ်အဖွဲ့တစ်ခု၏အဖွဲ့ဝင်များအားလုံးသည် အုပ်စုတစ်ခုအဖြစ် မဲပေးရန် လိုအပ်သင့်ပါသလား။ (မတူညီသော တစ်ဦးချင်းစီ သို့မဟုတ် ပါတီဆုံးဖြတ်ချက်များအနေဖြင့်မဟုတ်ဘဲ ထိုယူနစ်၏ ဆုံးဖြတ်ချက်ကို ကိုယ်စားပြုခြင်း) ဂျာမန် Bundesrat အဖွဲ့ဝင်များ၏ ကိုယ်စားလှယ်အဖွဲ့တိုင်းသည် မဲများအားလုံးကို ဤပုံစံအဖြစ်သဘောထားပြီး အုပ်စုတစ်ခုအနေနှင့် မဲပေးကြသည်။ အကယ်၍ ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့အတွင်း သဘောတူညီမှုမရှိပါက ထိုကိုယ်စားလှယ်အဖွဲ့အား လက်ရှိမဲပေးမှုတွင် မပါဝင်တော့ဟု သတ်မှတ်သည်။ အိန္ဒိယအထက်လွှတ်တော် Rajya Sabah သည် အုပ်စုအနေဖြင့် မဲပေးခြင်းမရှိပေ။ ဤကဲ့သို့ ကွဲပြားနေသော မဲပေးပုံစနစ်များသည် အထက်လွှတ်တော်၏ အခန်းကဏ္ဍအပေါ် မတူညီသော သဘောထားနှစ်ခုနှင့် ထိုအဖွဲ့ဝင်များ၏ အဆင့်အတန်းအပေါ် မတူညီသောအမြင်နှစ်ခုကို ထင်ဟပ်နေပါသည်။ Bundesrat ကိုယ်စားလှယ်များမှာ အဓိကအားဖြင့် ၎င်းတို့၏ သက်ဆိုင်ရာစီရင်စုများ၏ ပြောရေးဆိုခွင့်ရှိသူများဖြစ်ပြီး Rajya Sabha ၏ အဖွဲ့ဝင်များမှာမူ ပြည်နယ်လွှတ်တော်မှ ရွေးကောက်ခံထားရခြင်းဖြစ်သော်လည်း နိုင်ငံရေးပါတီတို့၏ ကိုယ်စားလှယ်များအဖြစ် ရှေးဦးစွာ သတ်မှတ်ကြသည်။ ဆက်လက်ပြီး လွှတ်တော်တွင်း ခုံနေရာချထားမှုများသည်လည်း နယ်မြေယူနစ်များအလိုက် သို့မဟုတ် နိုင်ငံရေးပါတီအလိုက် စီစဉ်ထားကြသည်။ ဂျာမန် Bundesrat တွင်နယ်မြေအလိုက် ရွေးကောက်ခံရသော ကိုယ်စားလှယ်များမှာ သံတမန်များနှင့် အလားတူသောကြောင့် အုပ်စုလိုက်မဲပေးမှုများ လုပ်ဆောင်ကြပြီး အိန္ဒိယနိုင်ငံ၏ Rajya Sabha တွင် လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ နိုင်ငံရေးပါတီများအား အလေးပေးသော အခန်းကဏ္ဍများကြောင့် တစ်ကိုယ်ရည် မဲပေးခြင်းကို လုပ်ဆောင်ကြသည်။

## လူနည်းစုများကို ကိုယ်စားပြုခြင်း

ပြည်ထောင်စုအဆင့် အထက်လွှတ်တော်တွင် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်အတွင်းရှိ နိုင်ငံရေးအုပ်စုများအားလုံးကို အချိုးကျကျ ကိုယ်စားပြုသင့်ပါသလား သို့မဟုတ် အင်အားကြီးသော လူများစုကိုသာ ကိုယ်စားပြုသင့်ပါသလား။ အိန္ဒိယနိုင်ငံတွင် ဥပဒေပြုလွှတ်တော်သို့ တိုက်ရိုက် ရွေးကောက်ပွဲများသည် ဗဟုရွေးကောက်ပွဲစနစ်တစ်ခုအရ ကျင်းပကြသော်လည်း အထက်လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်ရာတွင်မူ လူနည်းစုပါတီများ ကိုယ်စားပြုခွင့်ရစေရန်အတွက်

လွှဲပြောင်းနိုင်သည့် လူတစ်ဦး တစ်မဲစနစ်ဖြင့် ကျင်းပကြသည်။ အလားတူပင် တောင်အာဖရိက အမျိုးသားကောင်စီ စီရင်စုများ၏ ကိုယ်စားလှယ်အဖွဲ့များကို ဥပဒေပြုစီရင်စုလွှတ်တော်တွင် ပြဋ္ဌာန်းထားသော ပါတီအားလုံးတို့အား အချိုးကျကျ ကိုယ်စားပြုနိုင်သည့်နည်းဖြင့် ခန့်အပ်ရမည်ဖြစ်သည်။ ဂျာမန် Bundesrat သည် စီရင်ဆုံးဖြတ်ခွင့် အာဏာရှိသော ကိုယ်စားလှယ်များ အစည်းအဝေးတစ်ခုဖြစ်သည့်အတွက် စီရင်စုအဆင့်ရှိ ၎င်းစီရင်စု၏ အုပ်ချုပ်ရေးတွင် ပါဝင်နေသော အဖွဲ့များကိုသာ ကိုယ်စားပြုနိုင်မည် ဖြစ်သည်။

## လွှတ်တော်တွင်း ပါဝင်ဖွဲ့စည်းထားသည့် ပါတီများ၏ အချိုး

လက်တွေ့တွင် ပါတီစနစ်များဖွံ့ဖြိုးတိုးတက်ပြီးသား နိုင်ငံများတွင် နယ်မြေဒေသ အမှုကိစ္စများထက် ပါတီနိုင်ငံရေး အမှုကိစ္စများက အလေးသာသည်မှာ ပုံမှန်ဖြစ်သည်။ ဥပဒေပြု အထက်လွှတ်တော်တွင် ၎င်း၏ဘက်တော်သား ဟန်ချက်ညီခြင်းသည် ထိုလွှတ်တော်၏အာဏာနှင့် လုပ်ဆောင်နိုင်စွမ်းကို အဓိက အဆုံးအဖြတ်ပေးနိုင်သောအရာ ဖြစ်သည်။ ဂျာမနီနိုင်ငံတွင်ပင် အထက်လွှတ်တော် (Bundesrat) အဖွဲ့ဝင်များသည် နယ်မြေဒေသအသီးသီး၏ ကိုယ်စားလှယ်အဖွဲ့များအနေနှင့် ဆောင်ရွက်နေစေကာမူ ပါတီ၏သဘောထားများဖြင့်သာ မဲပေးလေ့ရှိကြသည်။ (ဥပမာအားဖြင့် နိုင်ငံတော်အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး ရွေးကောက်ပွဲရလဒ်များမှ ထွက်ပေါ်လာသည့်) လွှတ်တော်များ၏ စုဖွဲ့မှုပုံစံ ကွဲပြားခြားနားချက်တစ်ခုသည် အာဏာရပါတီကို သိသိသာသာ တားဆီးထိန်းကျောင်းနိုင်သည်။

# ၆။ ရွေးချယ်နိုင်သည့်ပုံစံများ – အခွင့်အာဏာများ

## လွှတ်တော်တို့အကြားရှိ ပဋိပက္ခများကိုဖြေရှင်းခြင်းနှင့် ပဋိပက္ခများမဖြစ်စေရန် တားဆီးခြင်း

အထက်လွှတ်တော်များသည် အောက်လွှတ်တော်နှင့် ပဋိပက္ခများဖြစ်ပွားနိုင်ပါသည်။ အချို့သော အခြေခံဥပဒေများတွင် မျှတမှုရှိစေရန်နှင့် ဘက်မျှစေရန်အတွက် ဦးစားပေးလိုအပ်ချက်အဖြစ် လွှတ်တော်တစ်ရပ်စီအား ဥပဒေပြုရေးကို လွှမ်းမိုးနိုင်သည့် အလုံးစုံဗီတို (veto) အာဏာကို အပ်နှင်းထားပါသည်။ ယခုကဲ့သို့ အာဏာအပ်နှင်းထားသဖြင့် လွှတ်တော်နှစ်ရပ်အတွင်း အချင်းချင်း သဘောတူညီမှုမရရှိ၍ မလွှန့်မလူးသာအခြေအနေတွင် ဆုံးဖြတ်ချက်ရရှိစေရန် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။ ဤသို့သော မလွှန့်မလူးသာ အခြေအနေများမှာ လွှတ်တော်နှစ်ရပ်တွင် ဒီမိုကရေစီစနစ်အရ ကွဲပြားခြားနားသော်လည်း ညီမျှသောအခွင့်အာဏာများ ရှိနေသောအခါတွင် အများဆုံးဖြစ်လာနိုင်ပါသည်။ (ဥပမာအားဖြင့် အမေရိကန် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်လုံးမှာ လူထုထောက်ခံမှုဖြင့် ရွေးကောက်တင်မြှောက်ထားခြင်း ဖြစ်သော်လည်း ရွေးကောက်သည့် သက်တမ်းနှင့် ရွေးကောက်တင်မြှောက်လိုက်သည့် ခရိုင်အရွယ်အစားကွဲပြားခြင်းတို့ကြောင့် လွှတ်တော်နှစ်ရပ်ရှိ အများသဘောတူ မဲကောက်ခံပွဲများ၏ရလဒ်တို့ မတူညီသည်မှာ မဆန်းပြားချေ။)

လွှတ်တော်နှစ်ရပ်ထားရှိသည့် နိုင်ငံများ အမြောက်အများတွင်မူ လွှတ်တော်များအကြား ပဋိပက္ခဖြစ်မှုအား ဖြေရှင်းနိုင်စေရန်အတွက် လုပ်ထုံးလုပ်နည်းများကို ချမှတ်ထားကြသည်။ အဆိုပါ လုပ်ထုံးလုပ်နည်းများ၏ သမားရိုးကျရည်ရွယ်ချက်မှာ အစိုးရအုပ်ချုပ်ရေး တည်ငြိမ်မှုရှိစေရန်၊ ဆုံးဖြတ်ချက်ချရာတွင် မလွှန့်မလူးသာ အခြေအနေများ မပေါ်ပေါက်လာအောင် တားဆီးရန်၊ အောက်လွှတ်တော်နှင့် လူထုကိုယ်စားလှယ်တို့၏ အဓိကကျမှုကို ကာကွယ်ရန်နှင့် အထက်လွှတ်တော်၏ အခန်းကဏ္ဍအား ဥပဒေပြုရေးတွင် အလုံးစုံဗီတိုအာဏာဖြင့် လွှမ်းမိုးနိုင်ခွင့်ရှိသော လွှတ်တော်အဖြစ်မှ ဥပဒေအားပြင်ဆင်ခြင်း၊ ပြန်လည်စိစစ်ခြင်းသာ တာဝန်ရှိသော လွှတ်တော်အဖြစ် ကန့်သတ်ထားနိုင်ရန် ဖြစ်သည်။

## လွှန်းထိုးဆောင်ရွက်ခြင်း လုပ်ထုံးလုပ်နည်းများ

လွှတ်တော်နှစ်ရပ်သည် တူညီသော (သို့မဟုတ်) တူညီလုနီးပါးရှိသည့် အာဏာများ ပိုင်ဆိုင်ကြသည့်နိုင်ငံများတွင် လွှန်းထိုးဆောင်ရွက်ခြင်း လုပ်ထုံးလုပ်နည်းကို အသုံးပြုလေ့ရှိကြသည်။ ၎င်း

နည်းလမ်းမှာ ဥပဒေကြမ်းပေါ်တွင် သဘောထားမတိုက်ဆိုင်မှုများ ဖြေရှင်းပြီးသည့်အချိန်နှင့် နှစ်ဘက်စလုံးမှ ထပ်တူနီးပါးအတည်ပြုထားသည့် အတည်ပြုစာ ထွက်ရှိသည့်အချိန်အထိ အဆိုပြု ပြင်ဆင်ချက်များကို လွှတ်တော်များအတွင်း အပြန်အလှန်ပေးပို့ စေခြင်းပင် ဖြစ်ပါသည်။ လွန်းထိုးဆောင်ရွက်ခြင်းလုပ်ထုံးလုပ်နည်းကို သုံးခြင်းဖြင့် မလွန့်မလူးသာ အခြေအနေတို့ ဖြစ်ပွားခြင်းမှ ရှောင်ရှားနိုင်မည် ကျော်လွှားနိုင်မည် မဟုတ်ပါ။ ၎င်းမှာ သဘောမတူညီမှုများအား ရိုးရှင်းစွာဖြေရှင်းနိုင်ရန် နည်းလမ်းတစ်ခုသာ ဖြစ်ပါသည်။ အခြားသော နည်းလမ်းများနှင့် တွဲစပ်အသုံးပြုခြင်း မရှိပါက လွန်းထိုးဆောင်ရွက်ခြင်း လုပ်ထုံးလုပ်နည်းမှာ ဥပဒေပြုရေးအား နှောင့်နှေးကြန့်ကြာစေ ပါသည်။ အထူးသဖြင့် လွှတ်တော်နှစ်ရပ်တို့တွင် ပါဝင်ဖွဲ့စည်းထားသည့် ပါတီအချိုးအစား တူညီမှုမရှိသည့် အခါမျိုးတွင် ဖြစ်ပါသည်။

## ဆွေးနွေးမှု ကော်မတီများ

ဆွေးနွေးမှုကော်မတီတစ်ခု (အချို့သော တရားစီရင်ရေးနယ်ပယ်များတွင် ညှိနှိုင်းဖျန်ဖြေရေး ကော်မတီဟု လူသိများပါသည်။) သည် ယေဘူယျအားဖြင့် လွှတ်တော်တစ်ရပ်စီမှ ကိုယ်စားလှယ်အချို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ၎င်းသည် လွှတ်တော်များအချင်းချင်း သဘောတူညီမှုမရှိသည့်အခါ သဘောတူညီပြီး ပူးတွဲသဘောတူညီချက် ရရှိစေရန် အစည်းအဝေးများကျင်းပခြင်း ဖြစ်သည်။ ဆွေးနွေးမှုကော်မတီများမှ ထုတ်ပြန်လိုက်သော ဥပဒေကြမ်းများကို လွှတ်တော်နှစ်ရပ်က တဆင့်မဲပေး ဆုံးဖြတ်ပါသည်။ လွှတ်တော်တို့သည် ဥပဒေကြမ်းအား အတည်ပြုခြင်းနှင့် ပတ်သက်၍ အပြီးသတ်ပြောကြားချက်များကို မျက်နှာစုံညီ အစည်းအဝေးတွင် ဆောင်ရွက်ကြသည်။ သို့သော် ညှိနှိုင်းခြင်းနှင့် သဘောတူညီမှုရယူခြင်း အဆင့်များအား မြန်ဆန်ချောမွေ့စေရန်အတွက် ဆွေးနွေးမှု ကော်မတီတွင် ပြည်သူလူထုရှေ့မှောက်၌ မကျင်းပခြင်းမှာ မဆန်းပေ။ ထို့အတူပင် သဘောတူညီမှု ရရှိပြီးသား ဥပဒေကြမ်းများအား ပြန်လည်ပြင်ဆင်မှုမရှိဘဲ တိုက်ရိုက်မဲပေးဆုံးဖြတ်ခြင်းမှာလည်း မဆန်းပေ။ ဤနည်းစနစ်သည် အနည်းငယ်သော လွှတ်တော်အမတ်များအား ထိရောက်သည့် စီစစ် စောင့်ကြည့်မှုမရှိသည့်အခါ ဥပဒေကြမ်းတို့၏ အနှစ်သာရအပေါ်တွင် မတန်မဆ လွှမ်းမိုးမှုရှိစေမည် ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ဥပမာအားဖြင့် ဆွေးနွေးမှုကော်မတီများမှာ မိမိတို့စိတ်ကြိုက် ဥပဒေများ ထုတ်ပြန်ရေးသာ အလိုရှိကြသော အဖွဲ့များ၏ အပြင်းအထန် ရင်ဆိုင်ယှဉ်ပြိုင်ရာနေရာများ ဖြစ်သည်။ ဤသို့ဖြင့်ပင် မူဝါဒဆုံးဖြတ်ချက်တို့မှာ ဒီမိုကရေစီစနစ်အရ စီစစ် စောင့်ကြပ်မှု မရှိသလောက်နည်းပါးစွာဖြင့် လူနည်းစု၏ အကျိုးကိုသာ ဆောင်ကျဉ်းသွားလေ့ရှိသည်။ (လွှတ်တော် တစ်ရပ်စီတိုင်းမှ အဆိုပါသဘောတူညီချက်၊ ဆုံးဖြတ်ချက်တို့ကို ပယ်ချနိုင်သော်လည်း ထိုကဲ့သို့ ပယ်ချရာတွင် နိုင်ငံရေးအကျိုး ဆုံးရှုံးမှုများပါဝင်စမြဲ ဖြစ်သည်။)

## အချိုးမညီသည့် အာဏာများ

အချို့သော နိုင်ငံများတွင်အထက် လွှတ်တော်များသည် စိစစ်မှုတာဝန်များကိုသာ အဓိကထား ဆောင်ရွက်လေ့ရှိပြီး ၎င်းတို့သည် အာဏာသက်ရောက်နိုင်စွမ်း အနည်းငယ်သာရှိပါသည်။ အာဏာ သက်ရောက်နိုင်စွမ်း အနည်းငယ်ဟုဆိုရာတွင် ဥပဒေပြုရေးကို ခေတ္တဆိုင်းငံ့စေခြင်း (ဗီတို မဟုတ် သည့် ခေတ္တဆိုင်းငံ့စေခြင်း)၊ သို့မဟုတ် ပြင်ဆင်မှုများအဆိုပြုတင်သွင်းခြင်း (အကြပ်ကိုင် တောင်းဆို ခြင်းမဟုတ်သည့် တောင်းဆိုမှု) တို့ ဖြစ်ပါသည်။ ထိုကဲ့သို့ကိစ္စရပ်များတွင် အောက်လွှတ်တော်၏ ပယ်ချနိုင်စွမ်း အာဏာများကို အသုံးပြုခြင်းဖြင့်ပင် လွှတ်တော်များအကြား ဖြစ်ပွားနေသည့် အငြင်း ပွားမှုများကို ရိုးရှင်းစွာ ဖြေရှင်းနိုင်ပါလိမ့်မည်။ အိုင်ယာလန်နိုင်ငံတွင် ဥပမာအားဖြင့် အောက်လွှတ် တော်မှ ဥပဒေကြမ်းကိုအတည်ပြုပေးပြီး အထက်လွှတ်တော်မှ ပယ်ချခြင်းခံရသည့် ဥပဒေကြမ်းများ (သို့မဟုတ်) အောက်လွှတ်တော်မှ အတည်ပြုချက်ကို အထက်လွှတ်တော်မှ ရက်ပေါင်း ၉၀ အတည် မပြုဘဲထားရှိသည့် ဥပဒေကြမ်းများကို အထက်လွှတ်တော်၏ အဆိုပါဥပဒေကြမ်းကို သုံးသပ်ရန် အတွက် ချမှတ်ထားသည့် ကာလအပိုင်းအခြား ကုန်လွန်ပြီးသွားသည့်နောက် ရက်ပေါင်း ၁၈၀ ကာလအတွင်း အောက်လွှတ်တော်တွင် သာမာန်မဲအများစု ပမာဏရရှိရုံဖြင့်ပင် အတည်ပြုနိုင်ပါလိမ့် မည်။ ယင်းနည်းလမ်းသည် မလွန့်မလူးသာအခြေအနေကို လွန်မြောက်နိုင်စေသော်လည်း လွှတ်တော် နှစ်ရပ်အတွက် အချိုးမျှတမှုကို ဖယ်ရှားပစ်နိုင်ပေသည်။ ထို့ကြောင့်လည်း ထိရောက်သည့် အာဏာ မရှိသည့် လွှတ်တော်မှာ မလိုအပ်သော ကုန်ကျမှုတစ်ခု ဖြစ်လာနိုင်ပေသည်။

## ပူးတွဲ အစည်းအဝေးများ

လွှတ်တော်များအကြား ဖြစ်ပေါ်သည့် မလွန့်မလူးသာ အခြေအနေများကို ပူးတွဲအစည်းအဝေး ကျင်းပသောနည်းလမ်းဖြင့် ဖြေရှင်းနိုင်ပါသည်။ ပူးတွဲ အစည်းအဝေးတွင် နှစ်ရပ်သော လွှတ်တော်၏ အမတ်များသည် လွှတ်တော်တစ်ရပ်အနေဖြင့် ဆောင်ရွက်ခြင်းပါဝင်ပါသည်။ အထက်လွှတ်တော်များ မှာ အောက်လွှတ်တော်ထက် များသောအားဖြင့် အရွယ်အစားသေးငယ်ကြသောကြောင့် ဤကဲ့သို့ ဆောင်ရွက်မှုသည် မဲပေးဆုံးဖြတ်ရာတွင် အောက်လွှတ်တော်မှ အသာစီးရလေ့ရှိပါသည်။ အိန္ဒိယ တွင် အကယ်၍ ဥပဒေကြမ်းအား လွှတ်တော်တစ်ရပ်မှ အတည်ပြုပြီး အခြားလွှတ်တော်မှ ပယ်ချ သည့်အခါ (သို့မဟုတ်) အခြားလွှတ်တော်မှ ခြောက်လအတွင်း အတည်မပြုသည့်အခါ သမ္မတသည် အစိုးရ၏ စည်းနှောင်အားရှိသည့် အကြံဉာဏ်ကို ရယူ၍ လွှတ်တော်နှစ်ရပ်အား ပူးတွဲအစည်းအဝေး ခေါ်ယူကာ ဥပဒေကြမ်းအား သာမာန် မဲအများစုစနစ်ဖြင့် ဆုံးဖြတ်စေပါလိမ့်မည်။ လွှတ်တော်များ အကြား ဖြစ်ပေါ်သည့် မတူညီမှုများကို ညှိနှိုင်းစေနိုင်ရန်အတွက် ပူးတွဲအစည်းအဝေး၏ ဥပဒေကြမ်း အား ပြင်ဆင်ခွင့်အာဏာအား ကန့်သတ်ထားလေ့ ရှိသည်။ (အိန္ဒိယ အခြေခံ ဥပဒေ၊ ပုဒ်မ ၁၀၈)

## လူထုထံသို့ အသနားခံခြင်း

လွှတ်တော်များ အချင်းချင်းကြား မလွန့်မလူးသာအခြေအနေကို လူထုထံသို့ အသနားခံခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။ ဩစတြေးလျတွင် ဥပမာအားဖြင့် အထက်လွှတ်တော်မှ ချမှတ်ခဲ့သည့် ဗီတိုအာဏာကို ပယ်ချနိုင်ရန်အတွက် အစိုးရမှ လွှတ်တော်နှစ်ရပ်လုံးအား ဖျက်သိမ်းခွင့်အာဏာရှိသည်။ ဩစတြေးလျ၏ ပြည်နယ်တစ်ခုဖြစ်သော နယူးဆောက်(သ်) ဝေး(လ်)(စ်) ပြည်နယ်၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွှတ်တော်နှစ်ရပ်အကြား သဘောတူညီမှု မရရှိသည့်အခါတွင် လူထုဆန္ဒခံယူပွဲကျင်းပခြင်းဖြင့် ဖြေရှင်းမှုရရှိစေရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

## သတ်မှတ်ထားသည့် ဆုံးဖြတ်ချက်များအတွက်သာ အသုံးပြုနိုင်သည့် ဗီတိုအာဏာများ

အထက်လွှတ်တော်တစ်ရပ်သည် သတ်မှတ်ထားသည့် ဥပဒေပြုရေးအမျိုးအစားများ အပေါ်၌ အာဏာသက်ရောက်မှု အားနည်းသော်လည်း အခြားသော ဆုံးဖြတ်ချက်များအပေါ်တွင်ကား အာဏာသက်ရောက်မှု ကျယ်ပြန့်နိုင်ပေသည်။ ဥပမာအားဖြင့် အထက်လွှတ်တော်သည် အခြေခံဥပဒေစနစ်၏ အဓိကအချက်များအား အောက်လွှတ်တော်၏ မဲအရေအတွက် အများစုထံမှ ကာကွယ်ရန်အလို့ငှာ အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်မှုများအပေါ်တွင် အကြွင်းမဲ့ဗီတိုအာဏာ ချမှတ်ခွင့် ရှိပေလိမ့်မည်။ သို့မဟုတ် ဥပဒေပြုရေးတွင် နိုင်ငံသုံး အဓိက ဘာသာစကားချမှတ်ရေး အခွင့်အရေးများ၊ နိုင်ငံအတွင်းရှိ လူနည်းစုများ (သို့မဟုတ်) ပြည်နယ်များ၏ နယ်နမိတ်ဆိုင်ရာ သတ်မှတ်ချက်နှင့် ပတ်သက်သည့်ကိစ္စရပ်များတွင် ဗီတိုအာဏာ ချမှတ်နိုင်ပါလိမ့်မည်။ ဘယ်လ်ဂျီယန်၊ ဂျာမနီနှင့် တောင်အာဖရိက နိုင်ငံတို့တွင် ဥပမာအားဖြင့် အထက်လွှတ်တော်သည် သာမန်ဥပဒေပြုရေး အပေါ်တွင် အာဏာသက်ရောက်နိုင်စွမ်း အားနည်းပြီး (သာမာန်ဥပဒေများ ပြဋ္ဌာန်းရာတွင် အောက်လွှတ်တော်၏ ဆုံးဖြတ်ချက်သည် လွှမ်းမိုးပါလိမ့်မည်)၊ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်မှုများနှင့် ပြည်နယ်များ၏ အခွင့်အာဏာများနှင့် သက်ဆိုင်သည့် ဥပဒေများ၊ ကိစ္စရပ်များတွင်မူ အရေးပါသော အထက်လွှတ်တော်မှ လွှမ်းမိုးနိုင်သော အာဏာရှိပေသည်။ ဤအခြင်းအရာကို ကြည့်ခြင်းဖြင့် အထက်လွှတ်တော်သည် ပြည်နယ်/တိုင်းဒေသကြီးများ၏ ကိုယ်စားပြုအဖြစ် ရပ်တည်သည်ဟု ဆိုနိုင်သည်။

## ငွေကြေးဆိုင်ရာ ဥပဒေမူကြမ်းအတွက် အထူးပြဋ္ဌာန်းချက်

အကယ်၍ အုပ်ချုပ်ရေးမဏ္ဍိုင်သည် ငွေကြေးတိုးပွားအောင် မလုပ်ဆောင်နိုင်လျှင် အစိုးရသည်လည်း ဆက်လက်ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ပါ။ သမ္မတစနစ်တစ်ခုတွင် အသုံးစရိတ် ပြဋ္ဌာန်းသတ်မှတ်နိုင်ခြင်းမရှိပါက အုပ်ချုပ်မှုယန္တရားကို ရပ်တန့်စေနိုင်ပါလိမ့်မည်။ ထို့ကြောင့် အုပ်ချုပ်ရေးမဏ္ဍိုင်မှ အာဏာသိမ်းနိုင်ခြေ (သို့မဟုတ်) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြင်ပ ကြားဖြတ် နှောင့်ယှက်မှုများ နိုင်ငံတော်တွင် ပေါ်ပေါက်လာနိုင်ဖွယ် ရှိသည်။ ပါလီမန်စနစ်တွင် အသုံးစရိတ် ပယ်ချမှုသည် ပုံမှန်အားဖြင့် ယုံကြည်မှုကို ပျက်ယွင်းစေနိုင်ပြီး (ချမှတ်သည့် တိကျသည့်စည်းမျဉ်းများ အပေါ်တွင်

မူတည်ပါသည်) ထိုကဲ့သို့ ယုံကြည်မှု ပျက်ယွင်းခြင်းသည် အစိုးရအား နှုတ်ထွက်စေခြင်း သို့မဟုတ် အထွေထွေရွေးကောက်ပွဲ အသစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဦးတည်ပါသည်။ တစ်ခါတစ်ရံတွင် အခြေအနေ နှစ်ရပ်စလုံးပင် ပေါ်ပေါက်လာစေတတ်သည်။

တရားစီရင်ရေး နယ်ပယ် အများစုတွင် အသုံးစရိတ်ဆိုင်ရာ ဥပဒေကြမ်းအား အထူးကဏ္ဍအဖြစ် သတ်မှတ်ပြီး ၎င်းဥပဒေကြမ်းများသည် အခွန်များ၊ ချေးငွေများနှင့် လျာထားစရိတ်များ (သုံးစွဲခြင်း) နှင့် ဆက်စပ်ပါသည်။ နိုင်ငံတော်၏ နိစ္စဓူဝ ဆောင်ရွက်ချက်မှု လုပ်ငန်းစဉ်များအတွက် ဘဏ္ဍာရေး ဆိုင်ရာ ဥပဒေပြုခြင်း၏ အရေးပါမှုကြောင့် ဘဏ္ဍာရေးကိစ္စရပ်များအပေါ် လွှတ်တော်များအကြား အငြင်းပွားမှုမှ ကာကွယ်နိုင်ရန် အသုံးစရိတ်ဆိုင်ရာဥပဒေကြမ်းများအား အထူးဥပဒေပြုရေး လုပ်ထုံး လုပ်နည်းဖြင့် လိုက်နာဆောင်ရွက်လေ့ရှိကြသည်။ အိုင်ယာလန်တွင် ဥပမာအားဖြင့် အထက်လွှတ် တော် သည် အသုံးစရိတ် ဆိုင်ရာ ဥပဒေကြမ်းများကို ၂၁ ရက် အထိသာ ဆိုင်းငံ့ထားခွင့် ရှိပါသည် (အခြား ဥပဒေများပြုရာတွင် ရက်ပေါင်း ၉၀ အထိ ဆိုင်းငံ့ထားနိုင်ပါသည်)။ တောင်အာဖရိက တွင် ခရိုင်များ၏ နိုင်ငံတော်ကောင်စီသည် အသုံးစရိတ်ဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်နိုင်သော်လည်း ၎င်းပြင်ဆင်ချက်များသည် စည်းနှောင်အား မရှိပေ။ အကြောင်းမှာ အမျိုးသား ညီလာခံ (National Assembly) (အောက်လွှတ်တော်) ၏ ဆုံးဖြတ်ချက် တစ်ခုတည်းဖြင့်သာ လက်ခံခြင်း (သို့မဟုတ်) ပယ်ချခြင်း ဖြစ်ပေါ်စေနိုင်သောကြောင့် ဖြစ်သည်။ (ပုဒ်မ ၇၅)

## အစိုးရအား အယုံအကြည်မရှိကြောင်း အဆိုတင်သွင်းခြင်းနှင့် စွပ်စွဲပြစ်တင်ဖြုတ်ချခြင်း

အထက်လွှတ်တော်ရှိ သဘောထားတင်းမာသော လူအများစုမှ အစိုးရအား နှုတ်ထွက်စေရန် ဖိအားပေးနိုင်မှုကို ရှောင်ရှားနိုင်စေရန်အတွက် ပါလီမန်စနစ်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ အများစုသည် အထက်လွှတ်တော်အား အယုံအကြည်မရှိအဆိုကို လက်ခံချမှတ်နိုင်စေသည့် အာဏာကို အပ်နှင်း ထားခြင်း မရှိပေ။ ဤသို့သော အစိုးရဖျက်သိမ်းပိုင်ခွင့် အာဏာအား အောက်လွှတ်တော်ဆီသို့သာ အပ်နှင်းထားခြင်းသည် အောက်လွှတ်တော်အား လူထုတစ်ရပ်လုံး၏ ကိုယ်စားပြု အစုအဖွဲ့အဖြစ် ၎င်း၏ အရေးပါမှုကို အသိအမှတ်ပြုခြင်းပင် ဖြစ်ပါသည်။

ဥပမာပေးရမည်ဆိုပါလျှင် ဂျာမန်အခြေခံ ဥပဒေတွင် ဝန်ကြီးချုပ်သည် အောက်လွှတ်တော် (Bundestag) က ရွေးချယ်တင်မြှောက်ပေးထားခြင်းဖြစ်ပြီး အောက်လွှတ်တော်၏ တာဝန်ကိုသာ ယူမည်ဖြစ်သောကြောင့် အထက်လွှတ်တော် (Bundersrat) အတွက် မဟုတ်ချေ။ အိုင်ယာလန်တွင် အထက်လွှတ်တော်သည် အစိုးရ၏ ဥပဒေကြမ်းများအား ရက်ပေါင်း ၉၀ အထိသာ ဆိုင်းငံ့ထားနိုင်ပြီး ထို့နောက် အောက်လွှတ်တော်မှာ ၎င်း၏မဲအများစု ဆုံးဖြတ်ချက်ဖြင့် အတည်ဖြစ်သွားနိုင်သည်။

## အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ

အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများသည် ဥပဒေ၏အရေးကြီးသော အရင်းအမြစ်များဖြစ်ပြီး တရားစီရင်ရေးဆိုင်ရာ သဘောတူ စာချုပ်အများစုသည် အာဏာသက်ရောက်မှုမရှိမီ ဥပဒေပြုရေး မဏ္ဍိုင်၏ အတည်ပြုမှုကိုရရှိရန် လိုအပ်ပါသည်။ ဥပမာ- နိုင်ငံ၏ အချို့သော ပြည်တွင်းဥပဒေများ၊ ပြည်သူ့ဘဏ္ဍာရေး သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများသို့ အာဏာခွဲဝေပေးခြင်းကဲ့သို့ သတ်မှတ်ထားသည့် စာချုပ်အမျိုးအစားများ။ ထိုကဲ့သို့အတည်ပြုခြင်းမှာ ဥပဒေပြုခြင်းအားအတည်ပြု လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ဥပဒေပြုခြင်းအား ဖြစ်မြောက်စေခြင်း ပုံစံများဖြင့် ဆောင်ရွက်လိမ့်မည်ဖြစ်ပါသည်။ လွှတ်တော်နှစ်ရပ်ထားရှိသောစနစ်တွင် သဘောတူစာချုပ်အား လွှတ်တော်နှစ်ရပ်လုံးမှ ခွင့်ပြုပေးရန် လိုအပ်ပါသလော။ အကယ်၍လိုအပ်ပါက လွှတ်တော်များအကြား အငြင်းပွားမှု ဖြေရှင်းရန်အတွက် မည်သည့်နည်းလမ်းကို အသုံးပြုသင့်သနည်း။ ဥပမာအားဖြင့် ဂျပန်တွင် စာချုပ်စာတမ်းများအား ဘဏ္ဍာရေးဆိုင်ရာ ဥပဒေပြုခြင်းကဲ့သို့သော နည်းလမ်းများအတိုင်း သဘောတူညီမှု ရယူပါသည်။ အဓိပ္ပါယ်မှာ အောက်လွှတ်တော်၏ ဆုံးဖြတ်ချက်သည် ရက်ပေါင်း ၃၀ ဆိုင်းငံ့ပြီးနောက် အတည်ဖြစ်ပါသည်။

## ဥပဒေပြုရေးမဟုတ်သော အခြားအာဏာများ

အထက်လွှတ်တော်များသည် နိုင်ငံရေးစနစ်တွင် အမျိုးမျိုးသောအာဏာများကို ချုပ်ကိုင်နိုင်ခွင့်ရှိနိုင်ပေသည်။ ဥပမာအားဖြင့် စုံစမ်းစစ်ဆေးရေး အရာရှိများနှင့် တရားသူကြီးများ ကဲ့သို့သော အခရာကျသော အစိုးရအရာရှိများကို ခန့်အပ်ရာတွင် အထက်လွှတ်တော်၏ သဘောတူညီချက် လိုအပ်ခြင်း။ အောက်လွှတ်တော်နှင့်အတူ နိုင်ငံတော်အကြီးအကဲကိုလည်း ပူးတွဲတင်မြှောက်ခြင်း။ အစိုးရအရာရှိကြီးများ စွပ်စွဲပြစ်တင်ခြင်းအား ခုံသမာဓိရုံးအဖြစ်ဆောင်ရွက်ခြင်း (သို့မဟုတ်) အုပ်ချုပ်မှု ညံ့ဖျင်းကြောင်း ပြည်သူလူထုမှစွပ်စွဲသည့် ဖြစ်စဉ်များတွင် စုံစမ်းစစ်ဆေးမေးမြန်းမှုများကို ဦးဆောင်ဆောင်ရွက်ခြင်း။ ယခုပြဋ္ဌာန်းချက်များကို အခြားထုတ်ပြန်မည့် စာတမ်းများတွင် ပိုမိုပြည့်စုံစွာ တင်ပြသွားမည်ဖြစ်သည်။

# ဂ။ သာဓကများ

ဇယား (ဂ.၁) ဥပဒေပြုလွှတ်တော်နှစ်ရပ်ဖြင့် ဥပဒေပြုသည့်လွှတ်တော်များ

| တိုင်းပြည် | အထက်လွှတ်တော် ဖွဲ့စည်းပုံ | အားသာချက်များ | အကျိုးသက်ရောက်မှုများ |
|---|---|---|---|
| **ဩစတြေးလျ**<br><br>**၁၉၀၄ ခုနှစ်မှစ၍ ကျင့်သုံးခဲ့သော ဒီမိုကရေစီစနစ်**<br><br>**ဘုရင်စနစ် ပါလီမန် အုပ်ချုပ်ရေး**<br><br>**ဖက်ဒရယ်စနစ်**<br><br>**လူဦးရေ: ၂၃.၂ သန်း** | အထက်လွှတ်တော်<br><br>အဖွဲ့ဝင် ၇၆ ဦး - ပြည်နယ်တစ်ခုစီ လျှင် ၁၂ ဦးစီနှင့် နယ်မြေတစ်ခုမှ ၂ ဦး: ထိုအဖွဲ့ဝင်အားလုံးသည် လူတစ်ဦးတစ်မဲ လွှဲပြောင်းမဲစနစ်ပုံစံဖြင့် တိုက်ရိုက်ရွေးချယ်တင်မြှောက်ခံထားရသူများ ဖြစ်သည်။<br><br>ခြောက်နှစ်သက်တမ်းဖြစ်ပြီး နှစ်ထပ်ကွမ်း ဖျက်သိမ်းခြင်း လုပ်ထုံးလုပ်နည်းအရ လူဦးရေ ထက်ဝက်ခန့်ကို သုံးနှစ်တစ်ကြိမ် ပြန်လည်ရွေးကောက်တင်မြှောက်သည်။ | အထက်လွှတ်တော်၏ သဘောတူညီချက်သည် အားလုံးသော တရားဥပဒေပြုရေးအတွက် လိုအပ်သည် မှန်သော်လည်း ဥပဒေပြုအထက်လွှတ်တော်သည် ငွေကြေးဆိုင်ရာ ဥပဒေကြမ်းများအား ပြင်ဆင်ခြင်း သို့မဟုတ် ရေးဆွဲခြင်း မပြုရပါ။ အကယ်၍ အထက်လွှတ်တော်သည် အောက်လွှတ်တော်မှ သဘောတူညီထားသော ဥပဒေကြမ်းကို ၃ လတာကာလအကြာတွင် ဒုတိယအကြိမ်အဖြစ် ပယ်ချပါက သို့မဟုတ် ပြင်ဆင်မှု ၂ ကြိမ်ပြုလုပ်ထားသော ဥပဒေကြမ်းကို အောက်လွှတ်တော်၏ သဘောတူညီမှုမရှိပဲ ခွင့်ပြုလိုက်ပါက (ဝန်ကြီးချုပ်၏အကြံပြုချက်ဖြင့် ဆောင်ရွက်ရသော) အုပ်ချုပ်ရေးမှူးချုပ်သည် လွှတ်တော် နှစ်ရပ်လုံးအား ဖျက်သိမ်းရန် အမိန့်ချမှတ်ခွင့်ရှိသည်။ ထိုအခါ လွှတ်တော် နှစ်ရပ်လုံး ဖျက်သိမ်း၍ ရွေးကောက်ပွဲအသစ်ကျင်းပရသည်။ လွှတ်တော်အသစ်သည် အငြင်းပွားမှုဖြစ်စေသော ဥပဒေကြမ်းကို ပြန်လည်ထည့်သွင်းသုံးသပ်ရသည်။ အကယ်၍ အထက် | ကွဲပြားသော မဲခွဲဆုံးဖြတ်မှုစနစ်နှင့် ပထဝီဝင် အနေအထားအရ မူလအတိုင်း မဟုတ်သော ရာထူးခန့်အပ်ခြင်းများကြောင့် အထက်လွှတ်တော်၏ လွှတ်တော်တွင်း မဲကောက်ခံမှုရလဒ်သည် အောက်လွှတ်တော်၏ ရလဒ်နှင့် ကွဲပြားနိုင်သည်။ အကြောင်းမှာ အထက်လွှတ်တော်၏ အာဏာအများစုသည် တတိယပါတီအုပ်စုနှင့် လူနည်းစုပါတီများ၏ လက်ဝယ်တွင် ရောက်ရှိနေလေ့ရှိသောကြောင့် ဖြစ်သည်။<br><br>လွှတ်တော်(၂)ရပ် အား ဖျက်သိမ်းမှု တစ်ခု၏ စရိတ်မှာ ကြီးလှသည်။ (လက်ရှိ ဝန်ကြီးချုပ်၏ ပါတီပင်လျှင် လွှတ်တော်အဖွဲ့ဝင် နေရာများ ဆုံးရှုံးသွားနိုင်သည်) ထို့ကြောင့်ပင် ဤသို့သော ဖျက်သိမ်းမှုမှာ ဩစတြေးလျနိုင်ငံ၏ သက်တမ်းတစ်လျှောက်တွင် (၇) ကြိမ်သာ ဖြစ်ပွားခဲ့ပေသည် (နောက်ဆုံးအကြိမ်မှာ ၂၀၁၆ ခုနှစ်တွင် ဖြစ်သည်။) ဩစတြေးလျနိုင်ငံ အထက်လွှတ်တော်သည် အခြားသော |

| | | | |
|---|---|---|---|
| | | လွှတ်တော်မှ ဆက်လက်ပယ်ချပါက ဥပဒေကြမ်းကို ပူးတွဲအစည်းအဝေးများအား ကျင်းပ၍ ဆက်လက် စုံစမ်း ဆုံးဖြတ်ကြရမည်။ (ဤ အစည်းအဝေးများ တွင်မူ ကိုယ်စားလှယ် အရေအတွက်သာလွန်သော အောက်လွှတ်တော်မှ လွှမ်းမိုးလေ့ရှိသည်။) | နိုင်ငံများ၏ အထက်လွှတ်တော်များနှင့်ယှဉ်သော် ၎င်းအား အပ်နှင်းထားခြင်းခံရသည့် အာဏာမှာ မသေးလှကြောင်း သုံးသပ်နိုင်ပေသည်။ |
| **ဂျာမနီ**<br><br>**၁၉၄၉ ခုနှစ်မှစ၍ ကျင့်သုံးခဲ့သော ဒီမိုကရေစီစနစ်**<br><br>**(၁၉၉၀ တွင် ပေါင်းစည်းသည်) ပါလီမန်-သမ္မတ စနစ် အုပ်ချုပ်ရေး**<br><br>**ဖက်ဒရယ်စနစ်**<br><br>**ပါတီစုံ စနစ်**<br><br>**လူဦးရေ: ၈၀.၂ သန်း** | အထက်လွှတ်တော် (BUNDESRAT) မှန်းခြေ အဖွဲ့ဝင် ၆၀ ဦးခန့်<br><br>ပြည်နယ် အစိုးရများ၏ ကိုယ်စားလှယ်အဖွဲ့များမှ အုပ်စု (၁) ခုတည်းအဖြစ် ပူးပေါင်း၍ မဲပေးဆုံးဖြတ်ကြသည်။<br><br>ပြည်နယ်ငယ် အချို့မှ ကိုယ်စားလှယ် အချိုးကျ ပါဝင်မှု ပိုနေတတ်သည်<br><br>(ပြည်နယ်အစိုးရ၏ သက်တမ်း အပေါ်တွင် အခြေခံထားသော) ဆက်တိုက် ဖြစ်နေသော လုပ်သက်ခွင့် ကာလများ။ ဖျက်သိမ်းခြင်းမရှိရ | ဂျာမနီနိုင်ငံတွင် ဥပဒေပြုလွှတ်တော်နှစ်ရပ် ထားရှိခြင်းသည် ပြည်နယ် အစိုးရများကို ပြည်ထောင်စုအဆင့် ဥပဒေပြုရေးတွင်ပါဝင်စေပြီး ၎င်းတို့မှ စင်ပြိုင်ဥပဒေပြုခြင်း သို့မဟုတ် ပူးတွဲဥပဒေပြုနိုင်သော အာဏာများ၊ အုပ်ချုပ်ရေး နယ်ပယ်များ တွင်အထူးဗီတိုအာဏာပေးအပ်ထားသည်။<br>ပူးတွဲဥပဒေပြုအာဏာများနှင့် ပတ်သက်သော ဥပဒေမူကြမ်းများနှင့် ပြည်နယ် အသီးသီးမှ ပါဝင်၍ အကောင်အထည် ဖော်ဆောင်ရွက်ရန် လိုအပ်နေသော ဥပဒေမူကြမ်းများမှာမူလွှတ်တော် (၂) ရပ်လုံး၏ ခွင့်ပြုချက်ရရှိရန် လိုအပ်ပါသည်။<br>အခြားသော ဥပဒေပြုရေးများ အတွက် အထက်လွှတ်တော် (BUNDESRAT) ၏ မဲထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ချမှတ် ပြဋ္ဌာန်းထားသော ဗီတို အာဏာကို အောက်လွှတ်တော်မှ ၎င်း၏ မဲထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ပယ်ဖျက်နိုင်သည်။ အထက်လွှတ်တော် (BUNDESRAT) ၏ မဲသုံးပုံ နှစ်ပုံရရှိ၍ ပြဋ္ဌာန်းခြင်းခံရသော ဗီတို အာဏာကိုလည်း အောက်လွှတ်တော်၏ မဲ သုံးပုံနှစ်ပုံ သဘောတူညီချက်ဖြင့်ပယ်ဖျက်နိုင်သည်။<br>လက်တွေ့ကျင့် သုံးရာတွင် ဥပဒေပြုရေး၏ ၆၀ ရာခိုင်နှုန်းခန့်သည် အထက်လွှတ်တော်၏ သဘောတူညီချက်လိုအပ်သည်။ | လွှတ်တော်များအကြား ဆက်နွယ်မှုသည် ပါဝင်ဖွဲ့စည်းထားသော ပါတီတို့အပေါ်တွင် များစွာမူတည်သည်။ ၁၉၉၀ တွင် ဂျာမနီနိုင်ငံ ပြန်လည် ပေါင်းစည်းစဉ်ကတည်းက ပါတီ သို့မဟုတ် အောက်လွှတ်တော် တွင် အသာစီးရရှိသော အဖွဲ့သည် အထက်လွှတ်တော် (BUNDESRAT) တွင်မူ လူနည်းစု အနေဖြင့်သာ ပါဝင်နိုင်လေ့ရှိသည်။ အကြောင်းမှာ အချိုးအစား မျှတမှုမရှိဘဲ ကိုယ်စားလှယ်များအား ရွေးကောက်မှုနှင့် တစ်ကာလနှင့် တစ်ကာလ ကြားအတွင်း နီးကပ်စွာ ရွေးကောက်ပွဲများ ကျင်းပမှုတို့ကြောင့် ဖြစ်ပေသည်။<br>ထိုအချက်သည် အထက်လွှတ်တော်ကို နိုင်ငံရေးစနစ်တွင် အာဏာတောင့်တင်းစေပြီး ရံဖန်ရံခါလျှင် ဆန့်ကျင်ဘက် ပါတီများက အထက်လွှတ်တော် (BUNDESRAT) မှတစ်ဆင့် အစိုးရ၏ ဥပဒေပြုရေး အစီအစဉ် အများအပြားအပေါ်တွင် ဗီတိုအာဏာကို အသုံးပြု၍ ရပ်တံ့ဆိုင်းငံ့ခြင်းများကို ပြုလုပ်တတ်ကြသည်။ |

| | | | |
|---|---|---|---|
| **နယ်သာလန်**<br><br>**၁၉၁၇ ခုနှစ်မှစ၍ ကျင့်သုံးခဲ့သော ဒီမိုကရေစီစနစ်**<br><br>**ဘုရင်စနစ် ပါလီမန် အုပ်ချုပ်ရေး**<br><br>**တစ်ပြည်ထောင် စနစ်**<br><br>**လူဦးရေ: ၁၆.၈ သန်း** | အထက်လွှတ်တော် (EERSTE KAMER)<br><br>အဖွဲ့ဝင် (၇၅) ဦးပါဝင်ပြီး ပြည်နယ် ကောင်စီ (၁၂) ခု မှ မဲအရေအတွက်နှင့် အချိုးကျ ရွေးကောက်မှု စနစ်ဖြင့် ရွေးချယ်တင် မြှောက်ခြင်းဖြစ်သည်။<br><br>(၄) နှစ်ကာလသက်တမ်း တာဝန်ထမ်းဆောင်ရသည်။ ပြည်နယ် ကောင်စီများနှင့် တန်းတူအာဏာရှိပေသည်။ (အောက်လွှတ်တော် နှင့်ကား မတူညီပေ။) | အောက်လွှတ်တော် (TWEEDE KAMER) မှ အားလုံးသော ဥပဒေမူကြမ်းများကို စတင် ဆောင်ရွက်ခဲ့ပြီး အထက်လွှတ်တော် (EERSTE KAMER) သည် ဥပဒေပြုရေးကို ပြင်ဆင်ခွင့်မရှိပါ။ အဆိုပါ ဥပဒေမူကြမ်းကို အပြည့်အဝ ထောက်ခံမဲပေးခွင့် သို့မဟုတ် လုံးလုံးဆန့်ကျင် ပယ်ချခွင့်သာ ရှိသည်။<br>ထို့အပြင် အထက်လွှတ်တော် (EERSTE KAMER) ၏ ဥပဒေပြုအာဏာတွင် အခြေခံဥပဒေကန့်သတ်ချက်အရဆိုရသော် ဥပဒေပြုရေး ကိစ္စရပ်များအပေါ်တွင် ဗီတိုအာဏာအသုံးပြုခွင့် မရှိ။ အောက်လွှတ်တော်အနေနှင့်လည်း အဆိုပါ ဗီတိုအမိန့်ကို ပယ်ဖျက်ရန် လုပ်ဆောင်မှု အဆင့်ဆင့်ကို တရားဝင် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိ။ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက်အား ဗီတိုအာဏာ သုံး၍ ပယ်ဖျက်နိုင်ရန်အတွက်မူ လွှတ်တော် (၂) ရပ်လုံးမှ သုံးပုံ နှစ်ပုံမှ မဲပေး သဘောတူ ရပေမည်။ | သဘောတရားအရ အင်အားကြီးမားလှသော ဗီတိုအာဏာ အများစုမှာ လက်တွေ့တွင်မူ တစ်ဆင့်ခံ ရွေးကောက်တင်မြှောက်ခြင်း လုပ်ထုံးလုပ်နည်းမှ အမြစ်တွယ်လာသည့် လူအများလက်ခံသော တရားဝင် အဆင့် မရှိသည့်အပေါ် အခြေခံပြီး အောက်လွှတ်တော်၏ အာဏာအောက်တွင် ကန့်သတ်တားဆီးခြင်း ခံရစမြဲဖြစ်သည်။<br>အချိန်ပိုင်း အဖွဲ့ဝင်ဖြစ်ခြင်း ကဲ့သို့သော အခြားသော နောက်ကွယ်မှ ကန့်သတ်ချက်များမှလည်း ၎င်း၏အာဏာကို ကန့်သတ်စေသည်။ |
| **ရိုမေးနီးယား**<br><br>**၁၉၉၁ ခုနှစ်မှစ၍ ကျင့်သုံးခဲ့သော ဒီမိုကရေစီစနစ်**<br><br><br>**သမ္မတ တစ်ပိုင်းစနစ်ကို ကျင့်သုံးသည့် နိုင် ငံ**<br><br>**လူဦးရေ: ၂၀.၁ သန်း** | ဆီးနိတ်လွှတ်တော်<br><br>အဖွဲ့ဝင် (၁၃၇) ဦး၊ (၄) နှစ် သက်တမ်းကာလအတွက် တိုက်ရိုက် ရွေးချယ်ခံရသည်။<br><br>အချိုးကျ မွမ်းမံပေါင်းစပ်ဖွဲ့စည်းထားသော စနစ်ဖြင့် အဖွဲ့ဝင်များကို ရွေးချယ်သည်။<br>(အဖွဲ့ဝင်အရေအတွက်နှင့် အချို့ အသေးစိတ်အချက်များမှလွဲ၍ ဤရွေးချယ်ပုံနှင့်ဆင်တူသည်။) | အားလုံးသော ဥပဒေပြုရေးအတွက် လွှတ်တော် (၂) ရပ်လုံး၏ သဘောတူညီချက်လိုအပ်သည်။ အခြေခံဥပဒေ (organic laws) အတွက် အကြွင်းမဲ့ မဲအများဆုံး ရရှိရန်နှင့် သာမာန် ပြဋ္ဌာန်းဥပဒေများအတွက် မဲထက်ဝက်ကျော် ရရှိရန် လိုအပ်သည်။<br>လွှတ်တော်သည် ဥပဒေကြမ်းနှင့် ပတ်သတ်၍ နောက်ဆုံးဆုံးဖြတ်ချက်ကို (၄၅) ရက်အတွင်း (သို့မဟုတ် ကိုဒ်ဥပဒေများနှင့် သိမ်မွေ့ရှုပ်ထွေးသော ဥပဒေများအတွက် ရက် ၆၀ အတွင်း) မချမှတ်နိုင်ပါက ဥပဒေမူကြမ်းအား သဘောတူညီသည်ဟု အလိုအလျောက် | ရိုမေးနီးယားသည် တူညီသော သို့မဟုတ် တူညီလုနီးပါးဖြစ်သော အာဏာရှိသည့် လွှတ်တော် (၂) ရပ်အား ဥပမာအဖြစ်တွေ့မြင်နိုင်သော တိုင်းပြည် ဖြစ်သည်။ သို့သော်လည်း လွှတ်တော်များသည် ဆင်တူသော ရွေးကောက်ပွဲစနစ်နှင့် သက်တမ်းကာလ ရှိကြသဖြင့် ပါဝင်သော နိုင်ငံရေးပါတီများမှာ ဆင်တူလေ့ ရှိကြသည်။ သို့ဖြစ်ပါ၍ အထက်လွှတ်တော်သည် အောက်လွှတ်တော်၏ အလုပ်တာဝန်များကိုပင် မူပွားဆောင်ရွက်ရသည်။ |

| | | | |
|---|---|---|---|
| | | ခံယူကြောင်း ဖော်ပြထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(organic laws) များနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအား အကောင်အထည် ဖော် ရေးဆွဲခြင်းအတွက် ဥပဒေမူကြမ်းများကို အောက်လွှတ်တော်တွင် စတင်ဆောင်ရွက်ရပြီး အခြား ဥပဒေမူကြမ်းများ များကို အထက်လွှတ်တော်တွင် စတင်ဆောင်ရွက်ရမည်။<br>လွှတ်တော်များသည် ဥပဒေပြုရေးနှင့် မသက်ဆိုင်သော ဆုံးဖြတ်ချက် အချို့အတွက်မူ ပူးတွဲ အစည်းအဝေးများကျင်းပ၍ ဆွေးနွေးဖြေရှင်းကြသည်။ | |
| **တောင်အာဖရိက**<br><br>**၁၉၉၃ ခုနှစ်မှစ၍ ကျင့်သုံးခဲ့သော ဒီမိုကရေစီစနစ်**<br><br>**ပါလီမန်-သမ္မတစနစ် အုပ်ချုပ်ရေး**<br><br>**ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော (ပြည်နယ် ၉ ခု)**<br><br>**လူဦးရေ: ၅၃ သန်း** | ပြည်နယ်ဆိုင်ရာ အမျိုးသားကောင်စီ (NCOP)<br>မဲထည့်သွင်းနိုင်သော အဖွဲ့ဝင် (၉၀) ဦး၊ ဒေသတစ်ခုစီမှ အဖွဲ့ဝင် (၁၀) ဦး အဖွဲ့များ ရွေးချယ်ကြသည်။<br><br>ပြည်နယ် လွှတ်တော်မှ အချို့ကိုရွေးချယ်ရပြီး အချို့မှာ ပြည်နယ်ဆိုင်ရာ အရာရှိများက ရွေးချယ်ကြသည်။<br>ပြည်နယ် အတွင်းရှိ ဒေသများ မှ မဲပေးခွင့်မရှိသော အဖွဲ့ဝင် (၁၀) ဦး | ပြည်နယ်ဆိုင်ရာ အမျိုးသားကောင်စီသည် ပြည်နယ်ဆိုင်ရာ ဥပဒေကြမ်းများနှင့် ပတ်သက်ပြီး နိုင်ငံတော်လွှတ်တော် (အောက်လွှတ်တော်)နှင့် ပူးတွဲအာဏာရှိသည်။ (ဇယား ၄ နှင့် ပုဒ်မ ၇၆ (၃) တွင် သတ်မှတ်ထားသော အခြားဒေသများ)<br>ပြည်နယ်ဆိုင်ရာ အမျိုးသားကောင်စီ၏ ဗီတိုအာဏာကို နိုင်ငံတော်လွှတ်တော်တွင် အဖွဲ့ဝင် သုံးပုံ နှစ်ပုံတို့၏သဘောတူညီချက်ဖြင့်သာ ပယ်ချခွင့်ရှိသည်။ (ပုဒ်မ ၇၆ ဥပဒေမူကြမ်းများ) ဤကိစ္စရပ်များနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို အုပ်စု (၁)စု အနေဖြင့် မဲဖြင့်ချမှတ်ပြီး ခွင့်ပြုချက်ရရှိရန် ပြည်နယ် ကိုယ်စားလှယ်အဖွဲ့ (၉) ဖွဲ့ အနက်မှ (၅) ဖွဲ့၏ မဲများ လိုအပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရာတွင်ကား (၆) ဖွဲ့ ၏ မဲများအတွက် လိုအပ်သည်။<br>အားလုံးသော ငွေကြေးနှင့် ပတ်သက်သော ဥပဒေကြမ်းများအပါအဝင် အခြားသော ဥပဒေပြုရေးများအား အောက်လွှတ်တော်မှ နောက်ဆုံးအနေဖြင့် ဆုံးဖြတ်ပြီး | အရေးကြီးဆုံး ကိစ္စရပ်များတွင် ပြည်နယ် အသီးသီးမှာ မဲတစ်မဲစီ ရရှိသောကြောင့် အထက်လွှတ်တော်သည် ပြည်နယ် အသီးသီးအား တူညီသော ပြောဆိုခွင့် အာဏာအား ပေးအပ်ထားသည်။<br>လက်ဝယ်အာဏာရှိ ပါတီသည် ပြည်နယ် (၉) ခုအနက် (၈) ခုလုံးတွင် လွှမ်းမိုးနိုင်သောအခါ အထက်လွှတ်တော်သည် အောက်လွှတ်တော်နှင့် အသွင်တူပြီဟု ဆိုနိုင်သည်။ ဤကဲ့သို့ ဖြစ်သော် အထက်လွှတ်တော် အနေဖြင့်  အစိုးရအား ထိန်းချုပ်ခြင်းသော်လည်းကောင်း၊ ပြည်နယ်တို့၏ လုပ်ပိုင်ခွင့်များကို ကာကွယ်ခြင်း တွင်ပင်လည်းကောင်း ၎င်း၏အာဏာအား လျှော့ကြမည် ဖြစ်သည်။ |

| | | | |
|---|---|---|---|
| | | ဤကိစ္စရပ်များတွင် ပြည်နယ်ဆိုင်ရာ အထက်လွှတ်တော်မှ အဆိုတင်သွင်းထားသော ပြင်ဆင်ချက်များ သို့မဟုတ် ကန့်ကွက်ချက်များအား အောက်လွှတ်တော်မှ တရားဝင် မဲပေးနိုင်သူ လူအများစု၏မဲအရေအတွက်ဖြင့် ပယ်ချနိုင်သည်။ အထက်လွှတ်တော်သည် ဤကိစ္စရပ်များအပေါ်တွင်ကိုယ်တိုင်မဲပေးခွင့်စနစ် ကျင့်သုံးပြီး အဖွဲ့ဝင်တစ်ဦးလျှင် မဲတစ်မဲ ရရှိသည်။ | |
| **စပိန်**<br><br>**၁၉၇၈ ခုနှစ်မှစ၍ ကျင့်သုံးခဲ့သော ဒီမိုကရေစီစနစ်**<br><br>**ဘုရင်စနစ် ပါလီမန် အုပ်ချုပ်ရေး**<br><br>**တပိုင်း ဖက်ဒရယ်စနစ် ကျင့်သုံးသော (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ)**<br><br>**လူဦးရေ: ၄၆.၅ သန်း** | အထက်လွှတ်တော်<br><br>တိုက်ရိုက် ရွေးကောက်ခြင်းခံရသော သို့မဟုတ် နယ်မြေအရ (ပြည်နယ်တစ်ဒေသလျှင် အများဆုံး ၄ ခုနှုန်း) ကန့်သတ်မဲဖြင့် ရွေးချယ်ခြင်းခံရသော အဖွဲ့ဝင် ၂၀၈ ဦး<br><br>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ လူမှုအသိုင်းအဝိုင်းများမှ ဥပဒေပြုအာဏာအရ သွယ်ဝိုက်ရွေးချယ်ခြင်းခံရသော အဖွဲ့ဝင် ၅၁ ဦး။ ဒေသငယ်များမှ ကိုယ်စားလှယ်အချိုးများပြားနေခြင်း။<br><br>ဝန်ကြီးချုပ်၏ အကြံပြုချက်အရ နိုင်ငံ့ဦးသျှောင်မှ စောလျင်စွာ ဖျက်သိမ်းခြင်းအတွက် ၄ နှစ်ကာလ သက်တမ်း | အထက်လွှတ်တော်သည် အောက်လွှတ်တော်မှ မဲထက်ဝက်ကျော် သဘောတူညီချက်ခွင့်ပြုလိုက်သော ဥပဒေပြုရေးကို ပြင်ဆင်ခြင်း သို့မဟုတ် ဗီတိုအာဏာသုံး၍ ပယ်ချခြင်းတို့ကို ပြုလုပ်နိုင်သည်။ အထက်လွှတ်တော်သည် ဤအာဏာကိုကျင့်သုံးရန် အချိန် (၂) လ ရှိပြီး အောက်လွှတ်တော် သို့မဟုတ် အစိုးရမှ အဆောတလျင်လိုအပ်သည်ဟု ဖော်ပြသော ဥပဒေကြမ်းများအတွက်မူ သက်တမ်းကာလကို ရက် (၂၀) အထိ လျော့ချရသည်။ အကယ်၍ အထက်လွှတ်တော်သည် ထိုကာလအတွင်း ဗီတိုအာဏာသုံးခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ မပြုလုပ်ပါက အောက်လွှတ်တော်မှ ခွင့်ပြုသောပုံစံဖြင့် သဘောတူခွင့်ပြုခံရမည် ဖြစ်သည်။ အထက်လွှတ်တော်မှ ရွေးချယ်ထားသော ဥပဒေပြုပြင်ဆင်ရေးဆွဲခြင်းများအား အောက်လွှတ်တော်မှ ရိုးရှင်းသော မဲအများစုမဲပေးစနစ်သုံး၍ မဲဖြင့် လက်ခံခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ခံရသည်။ အကယ်၍ အထက်လွှတ်တော်သည် ဥပဒေကြမ်းအား ဗီတို | အထက်လွှတ်တော်၏ ပေါင်းစပ်ဖွဲ့စည်းပုံသည် လူဦးရေပိုမိုနည်းပါးသော ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၏ ကိုယ်စားလှယ်အချိုးသည် လူဦးရေအချိုးထက်များပြားနေခြင်းများကို ဖြစ်စေပြီး ထို့ကြောင့်ပင် အဆိုပါ ပါတီများတွင် လက်ဝဲအုပ်စုများလက်တွင်ဗီတိုအာဏာ အနည်းငယ် ရှိနေပေသည်။ အထက်လွှတ်တော်တွင် ကန့်သတ်ထားသော အာဏာများ ရှိသည့်အတွက် သာမန် ဥပဒေများပြုရာတွင် ထူးခြားမှု မရှိပေ။ သို့သော် ဤအချက်မှာ အထက်လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာမဟုတ်သော ဆောင်ရွက်ချက်များအပေါ်တွင် သက်ရောက်မှု ရှိနိုင်ပါသည်။ ဥပမာ ။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အဖွဲ့ဝင်များခန့်အပ်ခြင်း။ |

| | | | |
|---|---|---|---|
| | | အာဏာသုံးပါက အောက်လွှတ်တော်သည် ဗီတိုအာဏာကို ရွှေ့ဆိုင်းခြင်းမရှိပဲ ထက်ဝက်ကျော် သဘောတူချက်ဖြင့် ချက်ချင်းပင်ဖြင့် ပယ်ချနိုင်ပေသည်။ အချိန် (၂) လတာကုန်ဆုံးသွားပြီးနောက် အောက်လွှတ်တော်သည် မဲအများစုစနစ်အားဖြင့် ဗီတိုအာဏာကို ပယ်ချနိုင်သည်။<br>ထို့ကြောင့် အထက်လွှတ်တော်သည် ဥပဒေကြမ်းများကို (၄) လတာ ကာလထိ အချိန်ဆိုင်းထားနိုင်သည်။ ဤသို့ ဆိုင်းငံ့ထားနိုင်ရန် ဥပဒေပြု အထက်လွှတ်တော်တွင် အဆိုပါ ဥပဒေကြမ်းအားဆန့်ကျင်သူမှာ ထက်ဝက်ကျော်၍ အောက်လွှတ်တော်တွင် ဥပဒေကြမ်းကို ထောက်ခံသူ မဲထက်ဝက်မကရရှိရန် လိုအပ်သည်။ | |

# ၈။ ဆုံးဖြတ်ချက်ချမှတ်ရေးဆိုင်ရာမေးခွန်းများ

၁။ အထက်လွှတ်တော်သည် ပြည်သူလူထုမှ အစိုးရအပေါ် ထိန်းချုပ်နိုင်စွမ်းအာဏာကို အားကောင်းစေရန်အတွက် ရည်ရွယ်ပါသလား။ သို့မဟုတ် ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ထားသည့် ခေါင်းဆောင်များ၏ အာဏာအား စောင့်ကြည့်ထိန်းချုပ်နိုင်ရန် အတွက် ဖြစ်ပါသလား။

၂။ အထက်လွှတ်တော်အား မည်သို့သော တိတိကျကျရည်ရွယ်ချက်ကို တာဝန်ထမ်းဆောင်စေမည်နည်း? အထက်လွှတ်တော်အနေဖြင့် အခြားသော ရည်ရွယ်ချက်များကိုလည်း မည်ကဲ့သို့ ထိရောက်စွာဖြည့်ဆည်းနိုင်မည်နည်း။ အမျိုးမျိုးသော ရည်ရွယ်ချက်များတွင် မည်သည်ကို ဦးစားပေး၍ အထက်လွှတ်တော်၏ ပါဝင်ဖွဲ့စည်းပုံနှင့် အပ်နှင်းမည့် အာဏာများကို ချမှတ်သင့်သနည်း။

၃။ အဆိုပါရည်ရွယ်ချက်များကို ထမ်းဆောင်ရန်အတွက် အထက်လွှတ်တော်အနေဖြင့် မည်မျှကြံ့ခိုင်ရန်၊ အခွင့်အာဏာရှိရန် လိုအပ်ပါသနည်း။

၄။ အထက်လွှတ်တော်၏ဖွဲ့စည်းပုံနှင့် ပတ်သက်၍ အဆိုတင်သွင်းထားသော စည်းမျဉ်းများသည် လွှတ်တော်၏ရည်ရွယ်ချက်များကိုပံ့ပိုးရန် မည်ကဲ့သို့အထောက်အကူဖြစ်သနည်း။

၅။ အထက်လွှတ်တော်၏အာဏာများနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းထားသော စည်းမျဉ်းများနှင့် လွှတ်တော်များအကြားဖြစ်သော ဥပဒေပြုရေးနှင့်ဆိုင်သော အငြင်းပွားမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်းသည် အဆိုပါရည်ရွယ်ချက်ကို မည်ကဲ့သို့ ပံ့ပိုးပေးသနည်း။

၆။ ဥပဒေပြုရေး နယ်ပယ်အချို့တွင် အထက်လွှတ်တော်ကို ပိုမိုအားကောင်းစေပြီး (အထက်လွှတ်တော်၏ ဆုံးဖြတ်ချက်များအပေါ် အောက်လွှတ်တော်များမှ ချေပပယ်ဖျက်နိုင်ခြင်းကို ခက်ခဲစေရန်အတွက်) အခြားသောနယ်ပယ်များတွင် အထက်လွှတ်တော်အနေဖြင့် အာဏာအနည်းငယ်သာရှိခြင်းသည် သင့်တော်ပါသလား။

၇။ အထက်လွှတ်တော်အနေဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် မည်သို့ဆက်စပ်သနည်း။ အကယ်၍ အုပ်ချုပ်ရေးမဏ္ဍိုင်သည် အောက်လွှတ်တော်ကိုသာ အစီရင်ခံရန် ရည်ရွယ်ထားပါက

၎င်းအချက်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဋ္ဌာန်းချက်တွင် ရှင်းလင်းစွာဖော်ပြထား ပါသလား။

၈။ အကယ်၍ အထက်လွှတ်တော်သည် လူနည်းစု သို့မဟုတ် ယခင်က ဖယ်ရှားခံထားရသော အုပ်စုများအတွက် လိုအပ်သည်ထက် ပိုမို၍ ကိုယ်စားလှယ်များ ခန့်အပ်ထားရန် စီစဥ် ထားပါက ၎င်းတို့အား အခြားသော နေရာများတွင်လည်း ပါဝင်ပတ်သက်စေရေး (သို့) ၎င်းတို့အား စောင့်ရှောက်ကာကွယ်ရေး (ဥပမာ- အမတ်တင်မြှောက်နိုင်မှု ပမာဏ၊ တဆက်တည်းဖြစ်သောမဲခွဲဆုံးဖြတ်ခြင်းများ)အစရှိသည်တို့ကိုထည့်သွင်းစဥ်းစားထားပြီး ဖြစ်ပါသလား။

၉။ အဆိုတင်သွင်းထားသော အထက်လွှတ်တော်သည် တာဝန်ယူမှုမရှိသော အာဏာရှိပါ သလား? အထက်လွှတ်တော်သည် တည်ငြိမ်နေသော ထိရောက်မှုရှိသော အုပ်ချုပ်မှုကို ဟန့်တားပါသလား။ အစိုးရ၏ပြည်သူလူထုအပေါ် တာဝန်ခံမှုကို ယုတ်လျော့စေပါသလား။

၁၀။ ဆွေးနွေးညှိနှိုင်းပွဲများသည် မည်မျှ ယေဘူယျကျသနည်း? အထက်လွှတ်တော်သည် သက်ဆိုင်ရာ လုပ်ဆောင်သူများ၏ ပံ့ပိုးမှုကိုရရှိပါသလား။

# ကိုးကားချက်များ

**စာတမ်းထဲတွင် ရည်ညွှန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရှာဖွေရန်**

ဤစာစဉ်တွင် ရည်ညွှန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာသားများအား မည်သည့် ရင်းမြစ်မှ ကောက်ယူသည်ဟု ဖော်ပြမထားခဲ့လျှင် Constitute Project ၏ Website ဖြစ်သည့် https://www.constituteproject.org/ မှ ကောက်နှုတ်ဖော်ပြထားသည်ဟု မှတ်ယူနိုင်သည်။


Bulmer, W. E., 'Minority-Veto Referendums: An Alternative to Bicameralism?', *Politics*, 31/3 (October 2011), pp 107–20. "လူနည်းစု-ဗီတို ဆန္ဒခံယူပွဲများ: ဥပဒေပြုလွှတ်တော် နှစ်ရပ်ဖြင့် ဥပဒေပြုရေး ဝါဒအစား အခြားနည်းလမ်းတစ်ခု ဟုတ်ပါသလော"

Lijphart, A., *Patterns of Democracy: Government Forms and Performance in Thirty-Six Democracies* (New Haven, CT: Yale University Press, 1999) "ဒီမိုကရေစီ၏ ပုံစံများ: ဒီမိုကရေစီစနစ် ၃၆ ခုတွင် အစိုးရဖွဲ့စည်းမှုပုံစံများ နှင့် စွမ်းဆောင်ချက်များ"

Mill, J. S., 'On Second Chambers', in Mill, J. S., *Considerations on Representative Government* (1861), <http://www.constitution.org/jsm/rep_gov.htm>, accessed 14 September 2016. "ဒုတိယ လွှတ်တော်များ အကြောင်း"

National Democratic Institute, 'A Comparative Study of Second Chambers in Selected Countries', October 1996, <http://www.ndi.org/files/032_ww_comparative.pdf>, accessed 14 September 2016. "နိုင်ငံ အသီးသီးရှိ ဒုတိယ လွှတ်တော်များအကြောင်း နှိုင်းယှဉ်ပြုစုချက်"

S. C. Patterson and A. Mughan (eds), *Senates: Bicameralism in the Contemporary World* (Columbus, OH: Ohio State University Press, 1999). ) "ဥပဒေပြု အထက် လွှတ်တော်များ - မျက်မှောက်ခေတ်ကာလတွင် ဥပဒေပြု လွှတ်တော်နှစ်ရပ်ဖြင့် ဥပဒေပြုရေး ဝါဒ"

Russell, M., 'Second Chambers Overseas: Lessons from Italy and Australia', University College London, The Constitution Unit, [n.d.], <http://www.ucl.ac.uk/constitution-unit/publications/tabs/unit-publications/39.pdf>, accessed 14 September 2016. "နိုင်ငံရပ်ခြားဒေသ ဒုတိယ လွှတ်တော်များ: အီတလီနှင့် ဩစတြေးလျ၏ သင်ခန်းစာများ"

—, 'A Directly Elected Upper House?', University College London, The Constitution Unit, [n.d.], <http://www.ucl.ac.uk/constitution-unit/publications/tabs/unit-publications/40.pdf>, accessed 9 December 2016. "တိုက်ရိုက်မဲခွဲရွေးချယ်ထားသော အထက်လွှတ်တော်ဆိုသည်မှာ?"

Reidy, A. and Russell, M., 'Second Chambers as Constitutional Guardians and Protectors of Human Rights', University College London, June 1999, <http://www.ucl.ac.uk/spp/publications/unit-publications/44.pdf>, accessed 9 December 2016. "ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူ့အခွင့်အရေးတို့အားထိန်းသိမ်းစောင့်ရှောက်သူများအဖြစ် ဒုတိယ လွှတ်တော်များ"

Waldron, J., 'Bicameralism', Public Law and Legal Theory Research Paper Series, Working Paper No. 12-19, New York University School of Law, 15 March 2012, <http://ssrn.com/abstract=2045646>, accessed 4 September 2016. "ဥပဒေပြုလွှတ်တော် ၂ ရပ်ဖြင့် ဥပဒေပြုရေးဝါဒ"

# နောက်ဆက်တွဲ

## စာရေးသူအကြောင်း

**Elliot Bulmer** သည် International IDEA ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖွဲ့စည်းတည်ဆောက်ခြင်း အစီအစဉ်မှ အကြီးတန်းအစီအစဉ်အရာရှိတစ်ဦးဖြစ်သည်။ University of Glasgow မှ ပါရဂူဘွဲ့ရ တစ်ဦးဖြစ်ပြီး University of Edinburgh မှ မဟာဝိဇ္ဇာဘွဲ့ ရရှိထားသည်။ စာရေးသူသည် International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖွဲ့စည်းတည်ဆောက်ခြင်း စာစဉ်၏ အယ်ဒီတာ တစ်ဦးဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဒီဇိုင်းပုံစံ၊ အင်စတီကျူးရှင်း ဒီဇိုင်းပုံစံတို့ကို နှိုင်းယှဉ်လေ့လာ သော ဘာသာရပ်ကို အထူးပြုလေ့လာသည်။ ထို့အပြင် စာရေးသူသည် ကမ္ဘာတစ်ဝန်းတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များတွင် နည်းပညာအထောက်အပံ့နှင့် စွမ်းရည်မြှင့်တင်ရေး တို့အား ကမ်းလှမ်း ချိတ်ဆက်ပေးသူဖြစ်ပြီး ယခုလက်ရှိတွင် အာဖဂန်နစ္စတန်၊ မြန်မာ၊ တူဗာလူနှင့် ယူကရိန်းနိုင်ငံရှိ စီမံကိန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

## International IDEA အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် အစိုးရချင်း ချိတ်ဆက်လုပ်ကိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ခွင် ရေရှည် တည်တံ့သော ဒီမိုကရေစီရရှိရေးအတွက် ပံ့ပိုးကူညီသည်။ International IDEA သည် အသိပညာ များ၊ နှိုင်းယှဉ်လေ့လာမှုများ ပံ့ပိုးပေးခြင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် ပံ့ပိုးကူညီခြင်း၊ မူဝါဒများနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲရာတွင် ကူညီဆောင်ရွက်ပေးခြင်းဖြင့် ရေရှည်တည်တံ့သည့် ဒီမိုကရေစီစနစ်သို့ ပြောင်းလဲမှုများဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။

http://www.idea.int

## MyConstitution အစီအစဉ်အကြောင်း

International IDEA ၏ MyConstitution Programme သည် လုပ်ဖော်ဆောင်ဖက် သက်ဆိုင်သူများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းဆိုင်ရာ အသိပညာများကို မြှင့်တင် ပေးခြင်းဖြင့် အလုံးစုံခြုံ၍ စဉ်းစားဆုံးဖြတ်နိုင်သော၊ အများပါဝင်မှုရှိသော၊ ပြည်တွင်းဖြစ် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ် ဖော်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

# ဤစာစဉ်နှင့် စပ်လျဉ်း၍

International IDEA မှ ထုတ်ဝေလျက်ရှိသော "ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း" စာတမ်းတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သူများ၏ လက်တွေ့ကျကျ ကြုံတွေ့ရသော ရွေးချယ်မှုများအပေါ်တွင် အကြောင်းအရာအလိုက် စနစ်တကျခွဲခြားတင်ပြခြင်းဖြင့် ရှုပ်ထွေးပွေလီလှသော အခြေခံဥပဒေဆိုင်ရာ ပြဿနာများကို လွယ်ကူရှင်းလင်းသော နည်းလမ်းများဖြင့် ရှင်းပြနိုင်ရန် ရေးရှုသည်။

၁။ အခြေခံဥပဒေဆိုသည်မှာ အဘယ်နည်း။ အခြေခံ သဘောတရားများနှင့် အယူအဆများ။ *

၂။ ဥပဒေပြုလွှတ်တော် နှစ်ရပ်ထားရှိခြင်း (သို့) Bicameralism*

၃။ တိုက်ရိုက် ဒီမိုကရေစီ စနစ်။ *

၄။ တရားရေးဆိုင်ရာ ရာထူးရွေးချယ် ခန့်အပ်မှုများ။ *

၅။ တရားရေးဆိုင်ရာ ရာထူးများ၏ တည်မြဲပိုင်ခွင့်၊ ထုတ်ပယ်ခြင်း၊ အထူးကင်းလွတ်ခွင့်များနှင့် တာဝန်ခံမှု။ *

၆။ ပါလီမန်စနစ်သုံး ဒီမိုကရေစီနိုင်ငံများရှိ အုပ်ချုပ်ရေးအာဏာ မကျင့်သုံးသော သမ္မတများ။ *

၇။ ပါလီမန်စနစ်သုံးဒီမိုကရေစီနိုင်ငံများရှိဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်အာဏာကန့်သတ်ထားသော ဧကရာဇ်များ။

၈။ ဘာသာရေးနှင့် နိုင်ငံအကြား ဆက်စပ်မှု။

၉။ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ။

၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး လုပ်ထုံးလုပ်နည်းများ။

၁၁။ ကန့်သတ်ချက် (ဥပဒေ) အပိုဒ်ငယ်များ။

၁၂။ ဖက်ဒရယ် စနစ်။ *

၁၃။ ဒေသန္တရ ဒီမိုကရေစီစနစ်။ *

၁၄။ သမ္မတ လက်ဝယ်ရှိ ဗီတိုအာဏာများ။

၁၅။ သမ္မတ လက်ဝယ်ရှိ ဥပဒေပြုရေး အာဏာများ။

၁၆။ ပါလီမန် ဖျက်သိမ်းခြင်း။

၁၇။ အစိုးရ ဖွဲ့စည်းမှုနှင့် ဖယ်ရှားရေး ယန္တရားများ။

၁၈။ အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ။ *

၁၉။ ထိန်းညှိခြင်းနှင့် ကြီးကြပ် ကွပ်ကဲခြင်းဆိုင်ရာ လွတ်လပ်သော အဖွဲ့အစည်းများ (စတုတ္ထမဏ္ဍိုင် အင်စတီကျူးရှင်းများ)။*

*မြန်မာ ဘာသာဖြင့် ရရှိနိုင်သည်။

ဤ စာတမ်း များကို ကျွန်ုပ်တို့၏ အောက်ပါ ဝဘ်ဆိုဒ် <http://www.idea.int/publications> တွင် ရယူနိုင်ပါသည်။ နောက်ဆုံးအဆင့် ပြင်ဆင်ထားသောစာတမ်းများကို ဤ ဝဘ်ဆိုဒ် <http://constitutionnet.org/primers> တွင်လည်း ရယူနိုင်ပါသည်။

ယခု စာတမ်းအား ဘာသာပြန်ဆိုခြင်းနှင့် ပုံနှိပ်ခြင်းကို နော်ဝေးနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊
ဖင်လန်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် လူဇင်ဘတ်နိုင်ငံ အစိုးရတို့မှ ထောက်ပံ့ကူညီသည်။

Norwegian Embassy

GRAND DUCHY OF LUXEMBOURG

Ministry for Foreign Affairs of Finland

Sweden Sverige

International IDEA မှ ထုတ်ဝေလျက်ရှိသော "ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း" စာတမ်းများကို နိုင်ငံတစ်ဝှမ်း ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် ကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် ရည်ရွယ်ရေးသားထုတ်ဝေသည်။ နိုင်ငံရေး ပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ အစိုးရဝန်ထမ်းများ၊ လွှတ်တော်ဥပဒေပြုသူများ၊ နိုင်ငံသားများအတွက် အထောက်အပံ့ ဖြစ်စေမည် ဖြစ်သည်။

နိုင်ငံရေးဆိုင်ရာ၊ ဥပဒေပြုရေးဆိုင်ရာ အထူးကျွမ်းကျင်သူများ မဟုတ်သော သာမန် စာဖတ်သူများအတွက် အကြောင်းအရာ ခေါင်းစဉ်များအလိုက် မိတ်ဆက်စာအနေဖြင့် လည်းရေးသားထားသည်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးနယ်ပယ်၌ ဗဟုသုတ၊ အတွေ့အကြုံရှိပြီးသူတို့ ပြန်လည်နီးနှော ဖတ်ရှုနိုင်ရန်အတွက်လည်း အသုံး ဝင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သူများ၏ လက်တွေ့ကျကျ ကြုံတွေ့ရသော ရွေးချယ်မှုများအပေါ်တွင် အကြောင်းအရာအလိုက် စနစ်တကျ ခွဲခြားတင်ပြခြင်းဖြင့် ရှုပ်ထွေးပွေလီလှသော အခြေခံဥပဒေဆိုင်ရာ ပြဿနာများကို လွယ်ကူရှင်းလင်းသော နည်းလမ်းများဖြင့် ရှင်းပြနိုင်ရန် ရေးရှုသည်။

INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

**International IDEA**
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

**International IDEA**
မြန်မာနိုင်ငံအခြေစိုက်ရုံး
၆၈(ဘီ)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်၊ မြန်မာနိုင်ငံ။
ဖုန်းနံပါတ် - +၉၅ ၉ ၂၆၃ ၁၂၈၁၀၄
အီးမေးလ် - info-myanmar@idea.int
my.constitution@idea.int
ဝဘ်ဆိုဒ် - www.idea.int

ISBN : 978-91-7671-288-7 (print)
ISBN : 978-91-7671-289-4 (pdf)